
www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ - ပထမအကြိမ်
အုပ်ရေ (၅၀၀)၊ တန်ဖိုး (၁၀၀၀/-)ကျပ်

- **ထုတ်ဝေသူ**
ဒေါ်သင်းသင်းမွန်၊ သင်းစာပေ၊ အမှတ်(၁၀)၊
ရတနာမြိုင်လမ်း (၁၂)ရပ်ကွက်၊ ကမာရွတ်မြို့နယ်။

- **မျက်နှာဖုံးပုံနှိပ်**
ဦးကျော်စိန် (၀၂၉၀၉)၊ ကျောက်စိမ်းပုံနှိပ်တိုက်
အမှတ်-၁၇၁၊ ၃၃-လမ်း၊ ကျောက်တံတားမြို့နယ်။

- **အတွင်းပုံနှိပ်**
ဦးသော်လွင်မြင့်၊ စန္ဒကူးပုံနှိပ်တိုက်
၉/အိတ်ချ်၊ နဝရတ်လမ်းသွယ်၊ မရမ်းကုန်းမြို့နယ်။

- **ဖြည့်လုံးကျွတ်ဖြန့်ချိရေး**
**ရှုရင့်အောင်စာပေ**
အမှတ်-၄၉၊ မှန်ရပေလမ်း၊ ဆရာစံမြောက်အရှေ့ရပ်ကွက်၊
ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့။

၈၉၅.၈၃
ကာဝေပျို
ထာဝရမေတ္တာရှင်(သို့မဟုတ်)အမေနံကရိုင်းမယ်တော်/ကာဝေပျို
- ရန်ကုန်၊
သင်းစာပေ၊ ၂၀၁၂။
၁၃၆-စာ၊ ၁၃ × ၂၀ စင်တီ။
(၁) ထာဝရမေတ္တာရှင်(သို့မဟုတ်)အမေနံကရိုင်းမယ်တော်

www.burmeseclassic.com

www.burmeseclassic.com

# ပါဝင်သောအခန်းများ


| | | |
|---|---|---|
| အခန်း | ၁။ | လယ်ထဲကကျွဲကြီး |
| အခန်း | ၂။ | ထိုတစ်ညမှာ |
| အခန်း | ၃။ | အမေကယ်လိုက်တာ |
| အခန်း | ၄။ | ညအမှောင်ထဲက ဝမ်းဆွဲသည် |
| အခန်း | ၅။ | မဲမဲလုံးလုံးနဲ့ကလေး |
| အခန်း | ၆။ | စရိုက်ကာစလို့ |
| အခန်း | ၇။ | ကျွဲပုံကြီး |
| အခန်း | ၈။ | ကန္တားကတဲ့သူ |
| အခန်း | ၉။ | နတ်ကမယ့်သူ |
| အခန်း | ၁၀။ | ကွင်းထဲကကျွဲတွေ |


www.burmeseclassic.com

www.burmeseclassic.com

BURMESE CLASSIC

အခန်း ၁၁။ ကလေးမွေးတဲ့ မိန်းမရှာ
အခန်း ၁၂။ မေခလာနတ်သမီးရဲ့စိန်ခေါ်ပွဲ
အခန်း ၁၃။ ဟံသာဝတီက အဿကူမှာ
အခန်း ၁၄။ အမေ့ခေါင်းကိုဖြတ်ပါ
အခန်း ၁၅။ ပေးဆပ်သူရဲ့နောက်ဆုံးအချိန်

နိဂုံး

www.burmeseclassic.com

www.burmeseclassic.com

မြန်မာ့ရိုးရာ နတ်သမိုင်းတော်တော်များများကို စာဖတ်ပရိသတ်ကြီး သိရှိပြီးဖြစ်ပါသည်။

ယုံကြည်မှု ဓလေ့ရိုးရာအစဉ်အဆက်အလိုက်ရ ကိုးကွယ်ခဲ့ကြ ရာမှ အကျိုးပေးမှုတွေကြောင့်လည်း ယနေ့ထိ ယုံကြည်စွာ ကိုးကွယ်နေကြတာ ဖြစ်ပါသည်။

နတ်တို့ သမိုင်းနှင့်ပတ်သက်ပြီး ရေးတာမဟုတ်ဘဲ ပဌာန်းဆက် အကျိုးဆက်တို့နှင့် ပတ်သက်ဆက်နွယ်ပုံဖြစ်ရပ်မှန် ဇာတ်လမ်းအဖြစ် ရေးသားခြင်းဖြစ်ပါသည်။

အမေနံ့ကာရိုင်းမယ်တော် (ပဲခူးမယ်တော်)ကို မြန်မာနိုင်ငံ တော်တော် များများမှာ ကိုးကွယ်ကြပါသည်။

အထူးသဖြင့် ...

မြန်မာနိုင်ငံအောက်ပိုင်း ဒေသများမှာ ပိုလို့ကိုးကွယ်ကြပါသည်။ အမေနတ်ကာရိုင်းမယ်တော်ရဲ့ သမိုင်းဟာလည်း နတ်သမိုင်းတွေထဲမှာ ထူးခြား နေပါသည်။

---

ရဲရင့်အောင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



မေတ္တာထားပုံ သိမ်မွေ့ပုံ စွန့်လွှတ်အနစ်နာခံပုံတွေဟာ နားထောင်ရသူ ဖတ်ရသူတို့ အထူးကြည်ညိုဖွယ်ဖြစ်ရပါသည်။

ကျွန်တော် အမေနတ်ကရိုင်းမယ်တော်နှင့် ပတ်သက်သော ဇာတ်လမ်းကို ရေးရသည်မှာ အလွန်ကျေနပ်မိပါသည်။ အမေနတ်ကရိုင်းမယ်တော်ရဲ့ မေတ္တာတွေ ကျွန်တော့်ကိုယ်ကို လွှမ်းခြုံနေသည်ဟုထင်ပါသည်။

ထို့ကြောင့်လည်း ...

ကျွန်တော်က အမေနတ်ကရိုင်းမယ်တော် သို့မဟုတ် ထာဝရ မေတ္တာရှင်ဟုသာ အမည်တပ်ကြည်ညိုဦးခိုက်လိုက်ရပါတော့သည်။

စာရေးသူ



www.burmeseclassic.com

www.burmeseclassic.com

အမေနှင့် ပတ်သက်သူတစ်ယောက်ရဲ့

အခ . . .

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၁)

# လယ်ထဲက ကျွဲကြီး

"ဟာ ... ကျွဲကြီး ... ကျွဲကြီး"

ကောက်စိုက်ပြီးပြန်လာသည့် ဒေါ်ခင်မိုးတစ်ယောက် ကြောက်လန့်တကြားအော်လိုက်တယ် ...

တကယ်ဆို သူ့လိုရွာသူတစ်ယောက်အဖို့ ကျွဲဟာကြောက်စရာမှမဟုတ်တာ ... ဒါပေမယ့် သူတွေ့လိုက်ရတဲ့ ကျွဲကြီးကနည်းတဲ့ အကောင်ကြီးမဟုတ် ...

သာမန်ကျွဲထက် နှစ်ဆလောက်ကိုကြီးတာ ...

ပြီးတော့ ...

သူသွားနေတဲ့ လမ်းနောက်က လိုက်လာတယ် ... ကျွဲကြီးကို မြင်တဲ့ဒေါ်မိုး ကြက်သီးတွေ တဖြန်းဖြန်းထလာတယ် ...

ဒေါ်ခင်မိုး ခြေလှမ်းတွေခပ်သွက်သွက် လှမ်းလာတယ်။ ခိုချိုက လည်းကားကား မျက်လုံးကလည်း နီလို့ ...



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့ ... သွား"

ဒေါ်ခင်မိုး နောက်လှည့်ကာမောင်းလိုက်သော်လည်း ကျွဲကြီးက လှည့်မသွားရပ်တော့နေတယ် ... ဒေါ်ခင်မိုး ရှေ့လျှောက်တာနဲ့ နောက်က ပြန်လိုက်လာတာပဲ ...

ရွာရောက်ဖို့က တစ်မိုင်လောက်လိုသေးတယ် ...

ဒေါ်ခင်မိုးသွားရမယ့် လမ်းက လယ်ကွင်းတွေပဲရှိတော့ ဒီကျွဲကြီးကို ဘယ်လိုရှောင်ရမယ်မှန်းမသိ ဖြစ်နေတယ် ...

နေကလည်း နေဝင်ချိန် ...

"ခက်တော့တာပဲ ... ဘယ်သူ့ကျွဲကြီးလည်းမသိဘူး ... တို့ရွာက တော့ မဟုတ်လောက်ဘူး ... ငါ့ကို ပြေးခတ်လိုက်ရင် ဒုက္ခပဲ"

ကြောက်စိတ်က အလိုလိုဝင်လာတယ် ... ဒေါ်ခင်မိုး သူ့အဖော် တွေ ရွာပြန်တုန်းက အတူလိုက်မသွားမိတာ နောင်တရလာတယ် ... သူ့ယောကျ်ား ကိုကံဆောင်ကလည်း ရွာမှာ ... သူဘယ်သူ့အကူအညီ တောင်းရမလဲ ...

"ဘုရား ဘုရား ... ငါ့နောက်လိုက်တုန်း ရွာကလည်း ရောက်ပဲ မရောက်နိုင်ဘူး ... အင်း ... ငါတစ်ခုခုလုပ်မှ ဖြစ်မယ်"

စိတ်ထဲကပိုင်းဖြတ်ပြီး ခြေလှမ်းတို့ကို ရပ်ပစ်လိုက်တယ်။

နောက်ကလိုက်လာတဲ့ ကျွဲကြီးဘက်လှည့်ပြီး ...

"နင် ... ဘာလို့ ငါ့နောက်လိုက်နေတာလဲ ... နင့်ပိုင်ရှင်ဆီ နင်သွားပါလား"

ပြောလိုက်ရာ ကျွဲကြီးက ရှေ့ဆက်မလှမ်းပဲနေရာမှာပဲရပ်ပြီး

www.burmeseclassic.com



ခေါင်းကြီးကိုအောက်စိုက်ထားသည်။

ပြီးတော့ ဒေါ်ခင်မိုး ပြောတာကို နားလည်တဲ့ပုံနဲ့ ခေါင်းရမ်းပြတယ် ...

"ဟင်"

ဒေါ်ခင်မိုး အံ့ဩစိတ်ကိုတင်းပြီးတော့ ...

"နင့်မှာ ပိုင်ရှင်မရှိရင် ငါ့နောက်လိုက်နေမလို့လား"

မေးလေရာ ကျွဲကြီးက ခေါင်းညိတ်ပြတယ် ...

"ဟင် ... "

စကားပြန်မပြောတတ်ပေမယ့် သူပြောတာကို နားလည်နေတာက ထူးဆန်းနေတယ်မလား ...

"ငါ့အိမ်မှာ နွားတွေပဲရှိတာ ...နင်တစ်ကောင်တည်း ဘယ်လိုလုပ်မလဲ ... ပိုင်ရှင်ပေါ်လာရင် ပြဿနာဖြစ်ဦးမယ်"

ဒေါ်ခင်မိုးကပြောတော့ ကျွဲကြီးက မြေကြီးပေါ်ဝပ်တွားသွားကာ သူ ဒေါ်ခင်မိုးနှင့် နေချင်ကြောင်း အရိပ်အယောင် အမူအရာ ပြတော့တယ် ...

ဒေါ်ခင်မိုးက ကျွဲကြီးကိုကြည့်ပြီး သနားလာတာနှင့် ...

"ကဲ ... ကဲ ... နောက်မှနောက်အရောက်ပဲ လိုက်သာလိုက်ခဲ့တော့ဟေ့ ... "

ပြောကာ ရှေ့လှည့်၍ ခပ်သွက်သွက်လျှောက်တယ် နောက်ကိုလည်း မကြည့်တော့ ... အဲလိုနဲ့ ...

ရွာထိပ်ရောက်တော့ ...



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... ငါဘယ်လိုဖြစ်တာလဲ"

သူ့ခန္ဓာကိုယ်တစ်ခုလုံး ရှိန်းခနဲဖြစ်သွားကာ ဆံပင်များပင် ထောင်လို့သွားတယ် ... ခန္ဓာကိုယ်တစ်ခုလုံးလည်း ပေါ့ပါးသွားသလို ခံစားရသဖြင့် ရွာထဲရှိ အိမ်သို့ခပ်သွက်သွက် ပြန်လာတယ်။

ခြံဝရောက်တော့ ...

"ကိုကံဆောင်ရေ ကျုပ်နောက်ကို ဘယ်ကကျွဲကြီးလည်းမသိဘူး ... လိုက်လာတယ်တော့ ... ဟင်"

"ဟာ ... ကျွဲ ... ကျွဲကြီး ဘယ်ရောက်သွားလဲ"

အံ့ဩစွာ အော်ဟစ်၍ လှည့်ပတ်ရှာရင်း ခေါင်းထဲမှူးကာ လဲကျလို့သွားတော့တယ် ... ။

ဝ၀ဝ



www.burmeseclassic.com

www.burmeseclassic.com

"ဟဲ့ … မခင် ဘာလဲဟဲ့ … ဘာလဲ"

အိပ်ရာထဲအတင်းကြီးအော်နေတဲ့ ဒေါ်ခင်မိုးကို သူ့ယောက်ျား ဦးကံဆောင်က အတင်းလှုပ်ပြီး မေးတယ် …"

"ဟင်"

ဒေါ်ခင်မိုးရဲ့ မျက်လုံးတွေ ပွင့်လာတယ် …

"ကျုပ် … ကျုပ် အိပ်မက် မက်နေတာပဲ"

ဒေါ်ခင်မိုးလည်း သူ့အိပ်မက် မက်မှန်းသိရမှ စိတ်ထဲပေါ့သွားတယ် …

"ကိုကံဆောင် ကျုပ် အိပ်မက်မက်နေတာ အိပ်မက်က အရမ်းထူးဆန်းတယ်"

"အေး … အေး … နောက်မှပြော ငါရေသွားခပ်ဦးမယ် … မင်းကြည့်ရတာ တအားမောနေတယ်မလား"

"အင်း …"



www.burmeseclassic.com

www.burmeseclassic.com



ဦးကံဆောင်က အိပ်ရာကထပြီး အိမ်ရှေ့သောက်ရေအိုးစင်က သောက်ရေတစ်ခွက်ခပ်ယူပြီး ဒေါ်ခင်မိုးကိုတိုက်တယ် ...

"သောက် ... ရေသောက်လိုက်"

"အင်း ..."

ဒေါ်ခင်မိုးလည်း ဦးကံဆောင်ယူလာတဲ့ သောက်ရေကို တစ်ခွက်လုံးကုန်အောင်သောက်တယ် ...

ပြီးမှ ...သူ့အိပ်မက်အကြောင်းကို ဦးကံဆောင်ကို အစအဆုံး ပြောတော့တယ် ...

"မင်း ...အိပ်မက်က ထူးဆန်းလှချည်လား ..."

"ဟုတ်တယ်တော် ...အဲလိုအိပ်မက်မျိုး တစ်ခါမှမမက်ဖူးပါဘူး သူများတွေမက်တယ်လို့လည်း မကြားဖူးပါဘူး ..."

"အေး ...တစ်ခုခုတော့ တစ်ခုခုပဲ ..."

ဦးကံဆောင်က ပြောရင်းစကားရပ်လိုက်တော့ ဒေါ်ခင်မိုးက စိတ်မရှည်စွာနဲ့ ...

"ဘာ တစ်ခုခုလည်းတော့ ... ရှင်ကလည်း ပြောစရာရှိ ဆက်ပြောလေ ..."

"မင်း ...ကိုယ်ဝန်ရမယ့် အိပ်မက်ဖြစ်နေမလား ..."

"ရှင်ကလည်း ...ဒါပဲ ကျုပ်အသက်လေးဆယ်ကျော်နေပြီ ငယ်တုန်းကတောင် ကလေးမရတာ ... အခုအသက်အရွယ်မှပိုင်ပေး တယ်"

"အင်း ..."



www.burmeseclassic.com

www.burmeseclassic.com



ဦးကံဆောင် ဘာမှမပြောတော့ သူ့အသက်ငါးဆယ်ကျော်ပြီ သူ့မိန်းမ ဒေါ်ခင်မိုးကလည်း လေးဆယ်ကျော် အိမ်ထောင်သက်တမ်း နှစ်နှစ်ဆယ်သာ ကျော်ခဲ့တာ သားသမီးတစ်ယောက်မှ မရခဲ့ ...

သားသမီး လိုချင်တာလည်း ပြောမနေနဲ့ ...

ဆုတောင်းလိုက်ရတဲ့ ညောင်ပင်တွေဆိုတာ ရွာမှာရှိတဲ့ညောင်ပင်တွေ အပင်စေ့နေပြီ။

ကလေးမရခဲ့ ...

ခုတော့ အရွယ်တွေကလွန်လာပြီ သားသမီးရဖို့မျှော်လင့်ချက်က မရှိတော့ ... ပစ္စည်းဥစ္စာအရလည်း လယ်ပိုင်ယာပိုင်တွေဆိုတော့ သူတို့ အမွေဆက်ခံဖို့ သားသမီးရတနာရချင်တာပေါ့ ...

"ကျုပ်တို့မနက်ရောက်ရင် ဆရာတော်ကို သွားမေးရင်ကောင်းမယ်"

"ဘာကိုလဲ ... ဟင်"

"ကျုပ် ... အိပ်မက်အကြောင်းကိုလေ ကျုပ်စိတ်ထဲမှာတစ်မျိုး ဖြစ်နေတယ် ... "

"အေးလေ ... မင်းသဘောပဲ ဆရာတော်ကျောင်းကိုသွားကြ တာပေါ့ ... ပြန်အိပ်တော့ ... "

"အင်း ... "

ဒေါ်ခင်မိုးလည်း ဦးကံဆောင်အပြောကြောင့် အသာငြိမ်၍ အိပ်ပျော် ရန်သာ ကြိုးစားနေတော့သည်။

၇၇၇



www.burmeseclassic.com

www.burmeseclassic.com

✦ ဒေါ်ခင်မိုးတို့ဓားပြတိုက်ခံရဲတော့

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၂)

## ထိုတစ်ညမှာ

"ဟယ် ... မခင်မိုး ... ဘယ်လိုဖြစ်တာလဲ"

ဗိုက်ကလေးက ပူထွက်လာပြီး သနပ်ခါးကိုခြေဆုံးခေါင်းဆုံး လိမ်းကာ ရွာထဲလမ်းလျှောက်ထွက်လာတဲ့ ဒေါ်ခင်မိုးကို အသိမိတ်ဆွေတွေက တအံ့တသြဖြစ်ကြတယ် ...

"ဘယ်လိုဖြစ်တာလဲ ... အသက်ကြီးမှကံပေါ်တာပေါ့"

"ဟုတ်တယ်ပဲပြောရမှာ ရွှေခင်ရေ ... ငါကိုယ်ဝန်ရနေပြီ"

ဒေါ်ခင်မိုးက ခပ်ကြွားကြွားပြောလိုက်တယ် ...

"ဟယ် ... ကိုကံဆောင်တော့ ပွတာပေါ့ ... ကောင်းတယ် ကောင်းတယ် ... သားသမီးဆိုတာ ရတနာမလား ... ယူသာယူ အသက်ကြီးလာလို့ ကိုယ့်မှာ သားထောက်သမီးခံမရှိရင် ဒုက္ခရောက်မယ်"

မရွှေခင်ကပြောတော့ ဒေါ်ခင်မိုးက ...



www.burmeseclassic.com

www.burmeseclassic.com



"ကိုကံဆောင်က သည်းသည်းလှုပ်နေတာ အညာစုက သူ့ညီမဝမ်းကွဲ အပျိုကြီးတစ်ယောက်ကို အိမ်လာနေဖို့မှာထားတယ်"

"မခင်မိုး အလုပ်မလုပ်ရအောင်ပေါ့"

"ဟုတ်ပါ့အေ ... ဟုတ်ပါ့ ... ငါ့ကိုလည်း ဟိုဟာမစားနဲ့ ဒီဟာမစားနဲ့ လုပ်နေတာ ... "

"အိမ်ထောင်သက်ကြာပြီးမှ ကလေးမပဲ ... အခုမှရတော့ ကိုကံဆောင်ကြီးသည်းမှာပေါ့ ... "

"ဟုတ်တယ် ... ဟုတ်တယ်"

ဒေါ်ခင်မိုးကတွေ့တဲ့ လူတိုင်းကို သူ့ဗိုက်အကြောင်းပြောစာမဆုံးတော့ ... ကိုယ်ဝန်ကလည်း ရလာတည်းက ထူးခြားသည်။ အသားငါးဆိုလုံးဝ စားချင်စိတ်မရှိ ...

အထူးသဖြင့် ကျွဲသား နွားသားကို လုံးဝအနံ့ခံလို့မရ ... ဒေါ်ခင်မိုး ချင်ချင်းအတက်ဆုံးက မြေဇာ မြက်နုလေးများပင်ဖြစ်သည်။

တစ်နေ့ကို မြေဇာမြက်နု လက်တစ်ခုပ်စာ မစားပဲနှင့်မနေနိုင် စားလိုက်ရမှ အာသာပြေတယ် ...

ကိုကံဆောင်ကတော့ ...

"မင်းကွာ သူများတွေ ချင်ချင်းတက်တာတစ်မျိုး ... မင်းကျမှ မြေဇာမြက်နုကြိုက်ရတယ်လို့"

"အို ... တူတာမှတ်လို့"

ဒေါ်ခင်မိုး ကိုယ်ဝန်လာရတည်းက အလှအပ ပိုမက်လာသည် မျက်နှာမှာ သနပ်ခါးမပျက် ... ပစ္စည်းရှိသူဆိုတော့လည်း အဝတ်အစား

www.burmeseclassic.com



ကို မထပ်အောင် ဝတ်တာ ...

"ခင်မိုးက ကိုယ်ဝန်ရမှ ရုပ်ရှင်ရိုက်မလို့နဲ့တူတယ် အလှပြင်တာလွန်ရော ..."

ရွာထဲကပြောမနာ ဆိုမနာ ဖိုးထွေးကပြောတော့ ဒေါ်ခင်မိုးက

"ဟဲ့ ... ကိုယ်ဝန်သည်က မလှရဘူးလို့ ဘယ်သူပြောလဲ"

"အရင်က နင်ကပိုကရိုနေတာလေ အခုမှလှချင်လာတာမလား"

"လှချင်တော့ ... ဘာဖြစ်လဲ ဟယ်"

ဒေါ်ခင်မိုးကပြောကာထွက်သွားတော့ ဖိုးထွေးက ရယ်ကျဲကျဲနှင့်ကျန်ခဲ့တယ် .... တစ်ရွာတည်းနေလာကြတာ တစ်ယောက်အကြောင်းတစ်ယောက် သိကြတာပေါ့ ...

ဒေါ်ခင်မိုးတစ်ယောက် အလှူအတန်းလည်း ရက်ရောတယ် အရင်လှူတာထက် ပိုလှူတာ ... ရွာကျောင်းမှာနေ့စဉ် ဆွမ်းပို့တာ မပျက် ... ရွာထဲလိုအပ်တာရှိရင် လှူပြီးသား ... အဲလိုနဲ့ ဒေါ်ခင်မိုး ကိုယ်ဝန်လည်း တဖြည်းဖြည်း ရင့်လာတော့တယ် ... တစ်ညမှာတော့ -

ဂဂဂ



www.burmeseclassic.com

www.burmeseclassic.com

"ဟဲ့ ... ထစမ်း မအော်နဲ့နော် ... အကုန် မသာဖြစ်ကုန်မယ်"

ဦးကံဆောင်နှင့် ဒေါ်ခင်မိုးတို့ ဖျက်ခနဲ လန့်နိုးကာကြည့်လိုက်တော့ မျက်နှာတွင် ပဝါအနက်စကြီးကိုစီးထားပြီး လက်ထဲ၌ ဓားရှည်ကြီးကို ကိုင်ထားသူ သုံးယောက် ...

"ထစမ်း မအော်နဲ့နော် ... သေသွားမယ်"

ဦးကံဆောင်ကို လက်မောင်းက မလျှက်အတင်းဆွဲထူကာ လက်ကို နောက်သို့ထားလျှက် ကြိုးတုပ်လိုက်သလို အသံမထွက်စေရန် ပါးစပ်ကို အဝတ်စီးလိုက်တယ် ...

"ရှင် ... ရှင်တို့"

ဒေါ်ခင်မိုးပါးစပ်ကကြောက်ကြောက် လန့်လန့်အသံထွက်လာတာကို တစ်ယောက်က အချိန်မှီပိတ်ပြီး လက်ကိုကြိုးတုပ်လိုက်တယ် ... မျက်နှာ အဝတ်စီးထားတဲ့ တစ်ယောက်က ...

"ငါတို့ ဓားပြတိုက်နေတာ ပစ္စည်းတွေ ဘယ်မှာထားလဲ ... ပြောစမ်း"



www.burmeseclassic.com

www.burmeseclassic.com



"ဝူး ... ဝူး"

လေသံအုပ်အုပ်နဲ့ မေးတာကို ဦးကံဆောင်ကခေါင်းခါတယ်-

"ကဲကွာ ... "

"ဝူး"

ခါးပြက ခါးနှောင့်နဲ့ ဦးကံဆောင်ခေါင်းကိုဆောင့်လိုက်တော့ ပါးစပ်ကိုအဝတ်စီးထားတာကြောင့် အသံက ဝူးဝူးဖြစ်သွားတယ် ...

ခေါင်းမှာလည်း ခါးနှောင့်နဲ့ဆောင့်တဲ့ဒဏ်ကြောင့် သွေးတွေ ကျလာတယ် ...

"ဝူး ... ဝူး"

ဒေါ်ခင်မိုးတစ်စုံတစ်ခုကို လှမ်းပြောမယ် ကြံတော့ ခါးပြတစ် ယောက်က ...

"ဖြန်း ... ဖြန်း"

ဒေါ်ခင်မိုးပါးကို ရိုက်ပြန်တယ် ... ခါးပြထဲကတစ်ယောက်က တစ်အိမ်လုံးကိုမွှေနှောက်ရှာတယ် ...

ခဏကြာတော့ ...

သေတ္တာထဲက ပိတ်ဖြူစနဲ့ထုပ်ထားတဲ့ ရွှေထုပ်ကိုတွေ့သွားပြီး-

"ဒီမှာ တွေ့ပြီ ... "

"အေး ... "

ခါးပြတွေက ရွှေထုပ်ကို ဝမ်းသာအားရကြည့်ပြီး တစ်ယောက်က

"သူတို့ကို ဘယ်လိုလုပ်လဲ ... ဒီအတိုင်းထားရင် တို့ကို ရှုပ်လုပ် နေမယ် ..."



www.burmeseclassic.com

www.burmeseclassic.com



"လွယ်ပါတယ်ကွာ ... ရော့"

"ဝူး ... "

"ဝူး ... "

မားနော့ခ်နှင့် ဦးကံဆောင်ကိုရော ဒေါ်ခင်မိုးကိုပါ အားရပါးရ ခေါင်းကိုဆောင့်ချလိုက်တော့ နှစ်ယောက်လုံးမေ့မြောငြိမ်သက်သွားတယ်။

မားပြသုံးယောက်လည်း စိတ်အေးလက်အေးနဲ့ အိမ်ပေါ်မှဆင်းပြီး မဲမှောင်နေတဲ့ ရွာလယ်လမ်းမှာ ခြေသံလုံလုံနဲ့ ရွာပြင်ဘက်ထွက် လာတယ် ...

"ငါ ... အဲလောက် လွယ်မယ် မထင်ဘူးကွ ... ရမယ့် ရတော့လည်း အလွယ်လေး ... "

"အေး ... ရွှေတွေက တစ်ပိဿာလောက်ရှိမယ် ... တို့အညီအမျှခွဲကြတာပေါ့ ... "

"ရွာပြင်ရောက်မှလုပ်ပါ ... "

သုံးယောက်သား လေသံအုပ်အုပ်နဲ့ပြောရင်းလျှောက်လာတော့–

"ဖတ် ... ဖတ်"

သူတို့နောက်က တစ်ယောက်ယောက်လိုက်လာတဲ့ ခြေသံကို ကြားကြတယ် ...

"ဟင်"

လှည့်ကြည့်တော့ အမှောင်ထဲမှာ ဘာကိုမှမတွေ့ရ ...

"ဖတ် ... ဖတ်"

"ဟော့ကောင် ... ကြားလား"

www.burmeseclassic.com

www.burmeseclassic.com



"ကြားတယ် ... ဘယ်သူလည်းမသိဘူး ... တွေ့ရင်တော့ အပြတ်ရှင်းမယ် ... တို့ကို မြင်လို့မဖြစ်ဘူး"

"အေး ... ဟုတ်တယ်"

တစ်ယောက်နဲ့တစ်ယောက် ပြောနေကြပေမယ့် ခြေသံက ရပ်မသွားဘူး ... ကြားရတုန်းဘဲ ...

ရွာထိပ်ရောက်တော့ ...

"ဖူး ... "

နှာမှုတ်သံကြီးထွက်လာလို့ သုံးယောက်သားပြိုင်တူ လှည့်ကြည့်လိုက်ရာ ...

"ဟာ ... ကျွဲကြီး"

ကြီးမားသော ကျွဲနက်ကြီးက သူတို့ဆီသို့ တစ်ဟုန်ထိုးပြေးကာ လာတော့တယ် ...

၀၀၀



www.burmeseclassic.com

www.burmeseclassic.com

ဗိုက်ပွင့်သေနေတဲ့အလောင်းသုံးလောင်းက

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)
## "အမေတယ်လိုက်တာ"

"သူကြီးရေ ထပါဦး ... ရွာထိပ်မှာ အလောင်းသုံးလောင်း တွေ့လို့ဗျို့ ... "

အိမ်ရှေ့ကလာန္တိုးသံကြောင့် သူကြီးဘခင်လည်း အိပ်ရာကလူး လဲထလိုက်တယ် ...

"ဖိုးခင် ဘာလဲကွ ... စောစောစီးစီး"

"ရွာထိပ်မှာ လူသေလို့ သူကြီးရေ ... သူကြီးလိုက်ကြည့်ဦး"

လူသေလို့ဆိုတဲ့စကားက သူကြီးဘခင်ကို ခေါင်းကြီးသွားစေ တယ် ...

ဘယ်သူတွေလဲ ဘယ်ကသူတွေလဲ သူကြီးဆိုတော့ ... အရပ်ထဲ ပြဿနာဖြစ်ရင် သူ့မှာတာဝန်ရှိတယ်မလား။

မျက်နှာတောင်မသစ်ဘဲ ပုဆိုးကို ပြင်ဝတ်ပြီး အိမ်ထဲက ထွက်လာ

www.burmeseclassic.com

www.burmeseclassic.com



တယ် ... မြေပြင်မှာလည်း သူ့ကိုစောင့်နေတဲ့ ရွာသားသုံးလေးဦး ...

"ဘယ်သူတွေလဲ တို့ရွာကလား ... "

"ကျွန်တော်တို့ ရွာကတော့မဟုတ်ဘူး ... တစ်ယောက်က ဦးကံဆောင်တို့လယ်မှာ စာရင်းငှားလုပ်တဲ့ ငကျော်ဆိုတဲ့ကောင် နှစ်ယောက်က ညောင်စုရွာက ... "

"ဟေ ... သူတို့ ဘယ်လိုသေတာလဲ"

"မိုက်တွေ ပွင့်ပြီးသေတာ ... အထဲက အူတွေထွက်ကျလာတာ မြင်မကောင်းပဲ ... "

"ဟင်"

သူကြီးခြေလှမ်းတွေ ပိုသွက်လာတယ် ... သူ့အိမ်နဲ့ ရွာထိပ်က နှစ်ခေါ်စာလောက်ဝေးတယ် ...

ရွာထိပ်ရောက်တော့ လူတွေစုစုနဲ့ အများစုကတော့ ယောကျ်ား တွေပါပဲ ...

"ဖယ်ကြစမ်းဟေ့ ... သူကြီးလာပြီ"

ရွာသားတစ်ယောက်ကလှမ်းအော်တော့ အလောင်းကို ကြည့် နေတဲ့သူတွေရှဲသွားတယ် ...

"ဟာ ... အသေဆိုးနဲ့သေတာပဲ"

အလောင်းတွေရဲ့ ဘေးမှာ သွေးများအိုင်ထွန်းနေသလို လက်သံ တွေမှာလည်း ဓားတွေဆုပ်ထားတယ် ...ထူးခြားတာက ဓားတွေမှာ သွေးမပေဘူး ...

သူကြီးက တွေးတွေးဆဆနဲ့ ...

www.burmeseclassic.com

www.burmeseclassic.com



"သူတို့အချင်းချင်း သတ်တာမဟုတ်ဘူး"

ပြောတော့ ရှာသားတစ်ယောက်က ...

"ဒါဖြင့် သူတို့ကိုဘယ်သူသတ်တာလဲ ... သေတဲ့ပုံစံက ဗိုက်ပွင့်ပြီး သုံးယောက်လုံးသေတာ ..."

"ငါဘယ်သိမလဲကွ ... ဒါ ပုလိပ်အလုပ် သူတို့ကိုအကြောင်းကြားရမယ်"

သေနေသူရဲ့ မျက်လုံးကပွင့်နေကြတယ် ... တစ်စုံတစ်ခုကို သေခါနီးတွေ့ရလို့ အထိတ်တလန့်ဖြစ်နေကြပုံပဲ ...

သုံးယောက်လုံးကို ဒဏ်ရာရပုံတူညီအောင် သတ်နိုင်ဖို့ဆိုတာ လွယ်တာမဟုတ် ...

အဲဒီအချိန်မှာပဲ ...

ရွာထဲက ဦးကံဆောင် ဒေါ်ခင်မိုးနဲ့ ရွာသူရွာသားတချို့ ရွာထိပ်ကိုရောက်လာကြတယ် ... ဦးကံဆောင်နဲ့ ဒေါ်ခင်မိုးတို့ခေါင်းမှာ ပုဆိုးစကိုဖြူပြီးခေါင်းပေါင်းထားတယ် ...

သူကြီးက လှမ်း၍ ...

"ဘယ်လိုဖြစ်လာကြတာလဲ"

မေးတော့ ဦးကံဆောင်က ...

"ကျုပ်တို့အိမ်ကို ညက ဓားပြတိုက်လို့ သူကြီးကိုလာပြောတာ သူကြီးဒီရောက်နေတယ်ဆိုလို့ လိုက်လာတာ ..."

"ဟာ ... ဟုတ်လား"

ပြဿနာတစ်ခုကမပြီးသေးဘူး နောက်ပြဿနာတစ်ခုကတက်



www.burmeseclassic.com

www.burmeseclassic.com



လာပြန်တယ် ... သူကြီးလည်း စိတ်ညစ်ညစ်နဲ့ ...

"ဒီမှာလည်း လူသုံးယောက်သေလို့ ..."

"ဟင် ..."

ဦးကံဆောင်က ဝိုင်းအုံနေတဲ့ လူတွေကို ဖယ်ပြီး ကြည့်လိုက်တော့ ...

"သူ ... သူကြီး ကျုပ်တို့ကို ဓားပြတိုက်တာ သူတို့သုံးယောက်ဗျ ..."

"ဘာ ... ဘယ်လို"

"ဟုတ်တယ် ... ကျုပ်တို့ စုဆောင်းထားတဲ့ ရွှေထုပ်ပါသွားတယ် သူကြီးရှာပေးပါ"

ဦးကံဆောင်ကပြောတော့ သူကြီးလည်း ဘယ်လိုလုပ်ရမှန်းမသိ သေဆုံးနေသူတွေကိုယ်ကို လှန်၍ရှာလို့မဖြစ်ပြန် ...

အဲဒါကြောင့် လူငယ်တချို့အား ...

"ဟော့ကောင်တွေ ရှာကြစမ်း ... ဒီအနီးပတ်ဝန်းကျင်မှာ ရှိမှာပဲ"

"ဟုတ်ကဲ့ ... သူကြီး"

လူငယ်တွေက လှည့်ပတ်ရှာသော်လည်း မတွေ့ ... သေနေသူသုံးယောက်ရဲ့အနောက်ဘက်မှာ ကြီးမားတဲ့ ညောင်ပင်ကြီးရှိတယ်။

ဒေါ်ခင်မိုးက ညောင်ပင်ခွကြား အကြည့်ရောက်သွားပြီး ...

"ကိုကံဆောင် ဟို ... ဟိုမှာ ကျုပ်တို့အထုပ်တော့ ..."

လက်ညှိုးထိုးပြလိုက်တော့ ဦးကံဆောင်လည်း ရွှေထုပ်ကို ခပ်သွက်သွက်ခြေလှမ်း၍ သွားယူသည်။

---

ရိုးရင့်ဒေါင်းစာပေ

www.burmeseclassic.com

www.burmeseclassic.com



သူကြီးက စဉ်းစားတယ် ...

သူတို့ဘာလို့သေတာလဲ ...ရွှေထုပ်ကလည်း ဘာလို့ညှောင်ပင်ခွကြားရောက်နေတာလဲ ...

ဘယ်လိုပဲ စဉ်းစားစဉ်းစား အဖြေက ရမလာတော့ဘူးလေ နောက်ဆုံးတော့ ...

ရွာမှာ သတင်းထွက်လာတာက ...

ဂဂဂ



www.burmeseclassic.com

www.burmeseclassic.com

•

"ဦးကံဆောင်နဲ့ ဒေါ်ခင်မိုးတို့အိမ်ကိုတိုက်တဲ့ ဓားပြတွေ ကျွဲခတ်လို့ သေကြတာ ... "

ရွာထဲမှာ အဲဒီအကြောင်းပဲပြောနေကြတာ သူကြီးတောင်လက်ခံရမလိုဖြစ်လာတယ် ... ဘာလို့လဲဆိုတော့ မြို့ဂတ်ကပုလိပ်တွေလာပြီး အလောင်းကိုစစ်တယ် ...

ဦးကံဆောင်နဲ့ ဒေါ်ခင်မိုးတို့ကိုလည်း မေးတယ် ... နောက်တော့ အလောင်းကို မြို့သယ်သွားတယ် ...

နောက်ကြားရတဲ့ သတင်းက ဆရာဝန်ရဲ့ဆေးစစ်ချက်မှာ သတ္တဝါတစ်ကောင်ရဲ့ ချွန်ထက်တဲ့ ဦးချိုကြောင့်သေရတာတဲ့ ... ဒီတော့ ...

တစ်ရွာလုံးရဲ့ ပြောစကားဟာ အမှန်ဖြစ်လာတယ် ...

ဦးကံဆောင်တို့အိမ်မှာလည်း လူတွေ တရုန်းရုန်း။

"ဦးကံဆောင်တို့ ဘာပညာများတတ်ထားလဲ ... မေးလာပြီး



www.burmeseclassic.com

www.burmeseclassic.com



တိုက်တဲ့ ဓားပြတွေကျွဲခတ်ခံရပြီး သေရရှာယ် ...''

''ကျုပ်တို့ ဘာပညာမှမတတ်ပါဘူး ... ရတနာသုံးပါးကိုပဲ ယုံကြည်တာပါ ... တစ်ခုရှိတာက မခင်မိုးပဲ ... ''

သတင်းလာမေးတဲ့ ရွာသားတွေက ဒေါ်ခင်မိုးကိုစိတ်ဝင်စားသွား ပြန်သည်။

''ဒေါ်ခင်မိုး ဘာလဲဗျ ... ''

''ဒီလိုဟော့ ... ဒီလို''

ဒေါ်ခင်မိုးက ကိုယ်ဝန် မှယ်တော့ သူမက်ခဲ့တဲ့ထူးဆန်းတဲ့ အိပ်မက် အကြောင်းကို ပြောပြတော့သည်။

''ဟင် ... ဒါ ... ဒါဆို ဒေါ်ခင်မိုးတို့ကို အမေကျွဲနတ်က စောင့်ရှောက်တာပေါ့ ... ''

''မသိပါဘူးဟယ် ... ကိုယ်ဝန်ရလာတည်းက ငါတို့ဘာလုပ်လုပ် အဆင်ပြေတယ် ... အခုလည်း ဓားပြတိုက်ခံရတာတောင် ပစ္စည်းပြန် ရတယ် ...

ဘာပဲဖြစ်ဖြစ် ငါတို့လည်း ရှားရှားပါးပါး ရလာတဲ့ကိုယ်ဝန်ကို ဖြစ်အောင်မွေးမှာ ... ''

''ကောင်းတယ် ... မွေး''

တစ်ဆင့်စကား တစ်ဆင့်ကြားတာကြောင့် ဒေါ်ခင်မိုးရဲ့ကိုယ်ဝန် က အမေကျွဲနတ်စောင့်ရှောက်သလိုလို ဝင်စားသလိုလို ထင်လာကြတယ်။

ဒေါ်ခင်မိုးတို့လယ်တွေက စပါးထွက်တာလည်း မနည်းမနော နဂိုတည်းက ပစ္စည်းရှိရာမှ ခုတော့ ပိုလို့တောင်ချမ်းသာလိုက်တာတယ်။



www.burmeseclassic.com

www.burmeseclassic.com

အနက်ရောင်ဝတ်စုံလေးနဲ့
ကလေးလာမွေးပေးတာက . . .

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၄)

# ညအမှောင်ထဲက ဝမ်းနည်းသည်

မိုးတွေကညိုမည်းလို့နေလေပြီ ... မှိုင်းညို့နေတဲ့ မိုးသားတိမ်လိပ်လိုတရိပ်ရိပ်တက်ကာလာတယ် ...

"ခြိမ်း ... "

လျှပ်စီးကဝင်းခနဲဖြစ်ပြီး မကြာခင်မှာပဲ မိုးခြိမ်းသံကြီးကို ကျယ်လောင်စွာကြားရတော့တယ် ... ညကမှောင်နေတော့ လျှပ်စီးရဲ့အလင်းက ဖြာဝင်းနေတယ်လေ ...

"အား ... ကျွတ် ... ကျွတ်"

ဒေါ်ခင်မိုးတစ်ယောက် ဗိုက်ထဲကနာလာတာကြောင့် သူ့ဘေးက ဦးကံဆောင်ကို လှုပ်နှိုးတယ် ...

"ကိုကံဆောင်ထပါဦး ... ကျုပ်ဗိုက်ထဲက တအားနာလာတယ် အား ... ကျွတ် ... ကျွတ်"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



ကိုကံဆောင်ကထ၍ အခန်းထဲမှ ထွက်ပြီးတစ်ဘက်ခန်းမှာအိပ်နေတဲ့ သူ့ညီမဝမ်းကွဲ မအေးမေကိုသွားနှိုးတယ် ...

"အေးမေ ... ထဦး နင့်အစ်မ ဗိုက်နာလို့ ... ထ"

အေးမေလည်း ကမန်းကတန်းထ၍ ခေါ်ခင်မိုး အခန်းထဲဝင်လာတယ် ...

"အား ... ကျွတ် ... ကျွတ်"

"အစ်မ အရမ်းနာနေလား ... ကျွန်မ ဝမ်းဆွဲသည်ဒေါ်ဖော့ကိုသွားခေါ်လိုက်မယ်"

"အား ... ဒီလောက်မိုးတွေရွာနေတာ နင်ဘယ်လိုသွားမလဲ ကိုကံဆောင်ကိုလွှတ်လိုက် ... "

"ဟုတ် ... ဟုတ်ကဲ့"

အေးမေက ဦးကံဆောင်ကိုပြောတော့ ဦးကံဆောင်က ခမောက်ကြီးကိုဆောင်းပြီး ဝမ်းဆွဲသည် သွားခေါ်ဖို့လုပ်တယ် ...

"ကိုကံဆောင် မြန်မြန်သွားနော် ... ကျွန်မဗိုက်တအားနာနေတာ ... "

"အေးပါဟ ... "

ဦးကံဆောင် အိမ်ကထွက်ပြီးမကြာခင်မှာပဲ ...

"ဝေါ ... "

"ဂျိမ်း ... "

အိမ်ရှေ့လက်ပံပင်ကြီးကို မိုးကြိုးပစ်ချလိုက်သည့် အသံကြီးတဟုန်းလောင်စွာ ထွက်လာတယ် ...

www.burmeseclassic.com



"အား ... အမလေး ... "

"အစ်မ ... ဘာဖြစ်တာလဲ"

"အေးမေ ... မိုးကြိုးပစ်တာလားဟဲ့ ... "

"ဟုတ်တယ် အစ်မ ... ဘာမှမဖြစ်ပါဘူး ... အိမ်ရှေ့က လက်ပံပင်ကိုင်းကျိုးတာ ... "

"အား ... ငါ မနေနိုင်တော့ဘူး ... "

ဒေါ်ခင်မိုး လူးလိမ့်လို့နေတာကြောင့် အေးမေကဘာလုပ်ပေးရ မှန်းမသိ ... သူကိုယ်တိုင်က အပျိုကြီးတစ်ယောက်မလား ...

ထိုအချိန်မှာပဲ ...

"အိမ်ရှင်တို့ ... အိမ်ရှင်တို့ ... "

ခြံဝကမိန်းမတစ်ယောက်ရဲ့ အော်သံထွက်လာတယ် ...

အေးမေက အိမ်ရှေ့ထွက်ကြည့်တော့ ခမောက်ဆောင်းထားတဲ့ မိန်းမတစ်ယောက် ခြံထဲဝင်လာတယ် ...

"ဘယ်သူလဲ ... "

ခမောက်ဆောင်းထားတဲ့ မိန်းမက ဘာမှမပြော အိမ်ပေါ်တက် လာပြီး မိုးစိုနေတဲ့ ခမောက်ကိုချွတ်တယ် ...

လွန်စွာ ဥပမိရုပ်ကောင်းပြီး ချောမောလှပတဲ့ မိန်းမတစ်ယော ဆံပင်ကလည်း နက်မှောင်ရှည်လျားတယ် ... အပေါ်အင်္ကျီက ရင် လက်ရှည်အနက်ရောင် အထက်ဆင်ကိုအပြားလိုက်ကြီးဝတ်ထားတဲ့ ထ အနက်နဲ့ မိန်းမက အေးမေကိုပြုံးပြတယ် ...

သူ့လက်တစ်ဖက်မှာ ကြိမ်ခြင်းကြီး ကိုင်ထားတယ် _ အေးမေ



www.burmeseclassic.com

www.burmeseclassic.com



အသံတုန်တုန်နဲ့ ...

"ရှင် ဘယ်သူလဲ"

"ကလေး မွေးပေးမလို့လာတာ ... ရေနွေးတည်ထား"

"ဟုတ် ... ဟုတ်ကဲ့"

အေးမေက စိတ်ညို့ခံရသူလို ဖြစ်သွားတယ် ... လူစိမ်းမိန်းမက ဒေါ်ခင်မိုးအခန်းထဲ ဝင်သွားတယ် ...

အခန်းထဲက ဒေါ်ခင်မိုး ညည်းညူသံတွေတော့ ကြားနေရဆဲပဲ ဦးကံဆောင်ပြန်လာတော့ အေးမေက ...

"အစ်ကိုကြီး ဒေါ်ဖော့ပါမလာဘူးလား ... "

"ညဦးပိုင်းတုန်းက ကျုံရစ်ရွာက လာခေါ်သွားတယ်တဲ့ ... ဘယ်လိုလုပ်ကြမလဲ ... "

ဦးကံဆောင်က စိတ်ပျက်စွာပြောတယ် ... အေးမေကလေသံ တိုးတိုးနဲ့ ...

"အစ်ကိုကြီး ဘာမှမပူနဲ့တော့ အစ်မကိုကလေးမွေးပေးမယ့် လူ အခန်းထဲရောက်နေပြီ ... "

"ဟေ ... "

ဦးကံဆောင် အံ့ဩသွားတယ် စိတ်ထဲကလည်း ဟုတ်မှဟုတ်ပါ့ လားတွေးနေတယ် ...

သိပ်မကြာခင်မှာပဲ ...

"ဝါး ... အူဝဲ ... အူ ... ဝဲ"

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



ကလေးငိုသံကြားရတယ် ... အေးမေက အခန်းထဲကထွက်လာပြီး ...

"အစ်မ ... မွေးပြီ အစ်ကိုကြီးရေ ... ယောက်ျားလေးတော့ ယောက်ျားလေး ..."

"ဟေ ... ဟုတ်လား"

အေးမေက ပြောပြီး အခန်းထဲပြန်ဝင်သွားတယ် ... ဦးကံဆောင်ရဲ့ စိတ်ထဲပျော်လိုက်တာမှ ပြောစရာတောင်မရှိတော့ ...

"အူ ... ဝဲ"

ကလေးရဲ့ငိုသံက အခန်းထဲက ထွက်လို့လာဆဲ အပြင်ဘက်မှာလည်း မိုးသံက ကြားနေရဆဲ ... အိမ်အခန်းနံရံကိုမှီထိုင်ရင်း ကလေးအတွက် စဉ်းစားနေရင်းမှာပဲ အခန်းထဲက မိန်းမတစ်ယောက် ထွက်လာတယ် ...

"ဟင်"

ဦးကံဆောင် အံ့ဩနေစဉ်မှာပဲ ထိုမိန်းမက ဦးကံဆောင်ကိုပြုံးပြပြီး အိမ်အဝမှာထောင်ထားတဲ့ ခမောက်ကိုဆောင်း လက်တစ်ဘက်က ကြိမ်ခြင်ကြီးကိုကိုင်ကာ မိုးရေထဲထွက်သွားတော့တယ် ...

"ဘယ်သူလဲ ဂါလည်း တစ်ခါမှ မမြင်ဖူးဘူး ... မခင်ကို လာမွေးပေးတဲ့လူလား ..."

စိတ်ထဲမှာ ပဟေဠိတို့ ထပ်လို့နေတော့တယ် ...

ဂဂဂဂ



www.burmeseclassic.com

www.burmeseclassic.com

အဲလိုပုံစံနဲ့ဝမ်းဆွဲသည့် ဒီရွာမှတစ်ပိုက်မှာ
မရှိဘူးဆိုတော့...

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)
# ဗဲဗဲလုံးလုံးနဲ့ကလေး

ဒေါ်ခင်မိုးက ကလေးမွေးပြီးကျွန်းကျွန်းမာမာပါပဲ ကလေးကလည်း ဝဝတုတ်တုတ် ချစ်စရာကောင်းလွန်းတယ် ... လက်သည် ဒေါ်ဖော့ကနောက် တစ်ရက်မှာ ရောက်လာပြီး ...

"ခင်မိုး ... နင်ဘယ်သူနဲ့ မွေးလိုက်တာလဲ"

"ကျွန်မလည်း ဗိုက်တအားနာနေတော့ ဘယ်သူလည်းဆိုတာ မမေးမိပါဘူး ... သူရောက်လာပြီး မွေးပေးလိုက်တော့ လျှောလျှောလျူလျူ ပဲ လုပ်ပေးကိုင်ပေးတာလည်း အရမ်းညင်သာ ...

အေးမေကိုသာ မေးကြည့်ပေတော့ ... "

အေးမေက သူ့အစ်မပြောတာကို ခေါင်းညိတ်တယ် ...

"ဟုတ်တယ် ဒေါ်ဖော့ရဲ့ အဲဒီအစ်မက ကလေးမွေးတာ သိပ် ကျွမ်းကျင်တယ် ... ရုပ်ကလည်းချောလိုက်တာ စကားလည်းမပြောဘူး။



www.burmeseclassic.com

www.burmeseclassic.com



ကလေးဝမ်းကကျွတ်ပြီး အနီးနဲ့ထုပ် ကျုပ်ကိုပေးပြီး ပြန်ထွက်သွားတယ်''

အေးမေပြောတာကို ဒေါ်ဖော့စဉ်းစားတယ် ‗ ဒီရွာတစ်ကျောမှာ ဝမ်းဆွဲသည်က အများကြီးရှိတာမဟုတ်ဘူး ‗ သူသိတဲ့ ဝမ်းဆွဲသည်တွေဆိုတာလည်း အေးမေပြောတဲ့ အရွယ်တွေမဟုတ်ဘူး ...

အားလုံးရှိတာမှ သုံးယောက် အသက်တွေကလည်း ငါးဆယ်ကျော်နေပြီ ... ချောချောလှလှတွေလည်း မဟုတ် ...

"ညည်းတို့ဟာက ဟုတ်ကောဟုတ်ရဲ့လားဟယ် ‗ ငါသိ သလောက် ညည်းတို့ပြောတဲ့ အရွယ် ... ဝမ်းဆွဲသည်ရှိတယ်ဆိုတာ ... မကြားမိဘူး ... "

အေးမေက ... မယုံသလိုပြောတဲ့ ဒေါ်ဖော့ကို ...

"ဟုတ်လို့ပဲ ကျုပ်အစ်မမွေးပြီးပြီ ‗ အရေးအကြောင်းဆို ဒေါ်ဖော့က မရှိဘူး ... ဟိုအစ်မ လာမွေးပေးတာကို ကျေးဇူးတင်ရမယ် ... "

"ငါလည်း ခင်မိုးမွေးမယ်မှန်းမသိလို့ပေါ့ဟယ် ... သိရင် ကျုံ့ရစ်ရွာကလာခေါ်တာ ဘယ်လိုက်သွားမလဲ ... ခင်မိုးကို ငါကိုယ်တိုင် မွေးပေးချင်တာ ... "

ဒေါ်ဖော့က အလျင်အမြန် ပြောလိုက်တယ် ...

ဘာလို့လဲဆိုတော့ ဒေါ်ခင်မိုး မွေးမယ့်စရိတ်ကို သူကကြိုယူပြီးသား ‗ သူငွေလိုရင်လည်း ဒေါ်ခင်မိုးက အမြဲကူညီနေသူဆိုတော့ စိတ်ဆိုးသို့မဖြစ်ပြန် ...

"ဒေါ်ဖော့လည်း အားရင်ကျွန်မကို လာလာကြည့်ပေးပါ"

"အေးပါ ... ခင်မိုးရယ် စိတ်ချ ငါနေ့တိုင်းလာမယ် နင့်ကို



www.burmeseclassic.com

www.burmeseclassic.com



ပါကိုယ်တိုင်မွေးမပေးရလို့ စိတ်မကောင်းဖြစ်နေတာ ... ”

“ရပါတယ် ... မွေးလည်းမွေးပြီးပြီပဲ ... မွေးပေးတဲ့အမျိုးသမီးကို ကျေးဇူးတင်တာ ဘယ်လိုကျေးဇူးဆပ်ရမှန်းမသိဘူး ...

ဘယ်မှာနေမှန်းလည်းမသိ ... ဘာမှလည်း ပြောမသွားတော့ခက်တယ် ... ”

“အေးလေဟုယ် ... နင့်ဟာက အထူးအဆန်း”

ဒေါ်ဖော့ကပြောတော့ ဒေါ်ခင်မိုးပြုံးပြသည်။ ထူးဆန်းတာက ကိုယ်ဝန်ရကတည်းက ဆိုပါတော့ ...

အနီးပိတ် ဖြူဖြူလေးနှင့် ထုပ်ထားသည့် ကလေးက ဒေါ်ခင်မိုးဘေးမှာ အိပ်ပျော်နေသည်။

“ကလေးက နို့စို့ရဲ့လား ... ”

“ခဏပဲစို့တယ် ... ဒေါ်ဖော့ ပြီးရင်ငြိမ်သွားတာပဲ”

“ဝရောဝရဲ့လား ... ”

“ခဏစို့တာဆိုတော့ ဝမယ်မထင်ဘူး ... ဒါပေမယ့် မငိုပါဘူး စို့ပြီးတာနဲ့ ငြိမ်နေတာပဲ”

“နင် နို့မထွက်တာလား ... ”

“အေးလေ ... နောက်တော့ စို့လာမှာပေါ့ ... မစို့တတ်သေးတာလည်းပါမယ် ... ”

ဒေါ်ဖော့က ဒေါ်ခင်မိုးအားလုပ်ကိုင်ပေးစရာရှိတာများကို လုပ်ကိုင်ပေးပြီး ပြန်သွားတယ် ...

ညနေစောင်းရောက်တော့ ခြံထဲသို့ ကိုကံဆောင်စစ်ယောက်



www.burmeseclassic.com

www.burmeseclassic.com



ကျွဲမကြီးတစ်ကောင်ဆွဲကာ ပြန်လာတယ် ...

"မခင်ရေ ငါကျွဲမတစ်ကောင်ဆွဲလာတယ် ..."

"ဟင် ... ဘယ်ကကျွဲလဲ"

"စာဖြူစုက ငလုံးကျွဲလေ ... သူ့မိန်းမ ပန်းနာရင်ကျပ်ဖြစ်နေတာ မြို့တက်ဆေးကုချင်လို့ အတင်းရောင်းတာနဲ့ဝယ်လာတာ ကူညီရာလည်းရောက်တာပေါ့ ..."

"ရှင်ကလည်း ခြံထဲမှာ နွားတွေပဲရှိတာ ကျွဲကလည်းတစ်ကောင်ထဲဘာလုပ်ဖို့လဲ"

ဒေါ်ခင်မိုးက အပြစ်တင်တော့ ဦးကံဆောင်က ...

"ကျွဲက ကျွဲမသားပေါက်ထားတာ မကြာသေးဘူး ... သားကလည်း တစ်ကောင်ပဲကျသေသွားလို့ နို့ကတော့ တအားထွက်တယ်ဆိုပဲ"

"ရှင်ကတော့ လုပ်ပြီ ..."

"ကျွဲနို့က အားရှိတယ် ... မင်းလည်း နို့လိုက်အောင် သောက်ပေါ့ ..."

ဦးကံဆောင်က **သူထင်ရာကို** ပြောတော့ ဒေါ်ခင်မိုးက ...

"အို ... ကျွဲနို့**သောက်လို့**ရလား မရလား မေးရဦးမယ် ... ကိုယ်ထင်တာ လုပ်လို့မရဘူး ... **ကလေး**တော့ တိုက်လို့ရမယ်ထင်တယ်"

"**သိတဲ့လူ**ကိုမေးကြည့်ပေါ့ ... ငါ့သားအတွက် နို့ကတော့ **အလျှံ့အပယ်**ပဲဟေ့ ..."

ဦးကံဆောင်က အားရပါးရပြောတော့၏။ ဒေါ်ခင်မိုးက အိမ်ပေါ်မှ ခြံထဲရှိတိုင်တွင်ချည်ထားသော ကျွဲမကြီးကိုလှမ်းကြည့်၍ ...



www.burmeseclassic.com

www.burmeseclassic.com



"သူလည်း သားမွေးထားတာ အဖတ်တော့မတင်ဘူး ... ကိုယ်လည်း သားမွေးထားတာဆိုတော့ ကိုယ့်ချင်းစားပါတယ် ...

ကိုကံဆောင် ... "

"ဟော ... "

"သူ့ကို ဘာအလုပ်မှမခိုင်းပါနဲ့ ... "

"ဟင် ... ဘာလို့လဲ"

"မိခင်ချင်း ကိုယ်ချင်းစားလို့ပါ ... "

ခြံထဲက ကျွဲမကြီးကတော့ ဒေါ်ခင်မိုးရှိရာကို လှမ်းကြည့်နေလေတော့သည်။

၀၀၀



www.burmeseclassic.com

www.burmeseclassic.com

"ကလေးက နို့မစို့ဘူး ... နို့မကောင်းတာလည်းပါတာပေါ့ ဒေါ်အေးရယ် ... "

အိမ်ကိုလာမေးသူတချို့က ကလေးကိုကြည့်ပြီးမေးသောအခါ ဒေါ်ခင်မိုးက ရှင်းပြတယ် ...

"နင် နို့မစို့တော့ ဘယ်နို့တိုက်လဲ ... ခင်မိုး"

"ကျွဲမကြီးနို့တိုက်တယ် ... ကျွဲမကြီးနို့ကတော်တော်ကောင်းတယ် ... သားကလည်း ကြိုက်တယ်ထင်တယ် အားရပါးရ စို့တော့တာပဲ ... "

"အေးပါယ် ... ကလေးတိုင်း မအေနို့စို့မှ အသားပြေတာ နင့်ကလေးမှ ကျွဲနို့ကြိုက်ရတယ်လို့ ... "

ဒေါ်အေးကပြောတော့ ဒေါ်ခင်မိုးကပြုံးတယ် ...

"ကလေးက သိပ်လည်းမငိုဘူး ... အနေအေးတယ် ဒေါ်အေးရဲ့ နို့စို့ပြီးတာနဲ့ အိပ်တာပဲ ... "



www.burmeseclassic.com

www.burmeseclassic.com



"ငယ်သေးလို့နေမှာပေါ့ ..."

"ဟုတ်ချင်ဟုတ်မှာပါ ... ကလေးငိုရင် နက်မက အသံပေးတော့တာပဲ ... နက်မအသံကြားရင် ကလေးကတိတ်ရော ..."

"နက်မဆိုတာ ..."

"ဟို ကျွဲမကြီးကိုပြောတာ ..."

"ဪ ..."

ဒေါ်အေး အံ့သြရပြန်တယ် ... ကလေးရဲ့ ထူးခြားမှုတွေကို သူဟိုအရင်ထဲက သိခဲ့တယ် ...

ဦးကံဆောင် ဒေါ်ခင်မိုးတို့အသားဖြူပေမယ့် ကလေးက မွေးတည်းက မဲမဲလုံးလုံးလေး မျက်ခုံးမျက်လုံးကောင်းသလို ဆံပင်တို့ကလည်း နက်မှောင်နေတယ် ...

"ကလေးကိုတော့ ဂရုစိုက် သူက နင်တို့ကို ကိုယ်ဝန်တည်းက-ကို အကျိုးပေးတာ ..."

"စိုက်သလားတော့ မမေးနဲ့ ... ဒေါ်အေးရေ သူ့အဖေဆို အလုပ်ဘယ်လောက်များများ ကလေးကို လက်ကကို မချဘူး ... နည်းနည်းငိုတာနဲ့ ကောက်ချီတာ ..."

"ခဏ ခဏလည်း ချီမနေနဲ့ လက်ကြိုက်သွားမှခက်နေမယ်"

"ဟုတ်ကဲ့ပါ ..."

ဒေါ်အေးပြန်သွားတော့ ကလေးကနိုးလာတာနဲ့ ဒေါ်ခင်မိုးလည်း ကောက်ချီပြီး နို့ဘူးထဲက ကျွဲနို့ကိုတိုက်လိုက်တယ် ...

ကလေးက အမေ အဖေကိုဒုက္ခမပေးဘူး ... ညဘက်လည်း



www.burmeseclassic.com

www.burmeseclassic.com


တစ်ခါနှစ်ခါလောက်ပဲနိုးတယ် ... ရှူးပေါက်တာတို့ အီးပါတာတို့အချိန်ပဲ အနှီးလဲပေးပြီး ပြန်သိပ်ရင် အိပ်တာပဲ ...

လသားလေးဖြစ်တာတော့ ပိုချစ်စရာကောင်းလာတယ်။

ကလေးက မဲမဲလုံးလုံးလေး ဒေါ်ခင်မိုးတို့လင်မယားနှစ်ယောက် လုံးချစ်လိုက်တာတုန်နေတာပဲ ...

ကလေးနာမည်ကိုပေးဖို့ ရှာကျောင်းက ဆရာတော်ကိုမေးတော့ ဆရာတော်က တွက်ချက်ပြီး ...

"နင်တို့သားက အတိတ်ဘဝက ပဋ္ဌာန်းဆက်တွေရှိတယ် သာသနာ ပြုဖို့ လူ့ဘဝလာတာ ... သူ့နာမည်ကို တနင်္လာနဲ့ ကြာသပတေး တွဲမှည့်ရမယ် ... အင်း ဟုတ်ပြီ ကျော်မိုး ... ကျော်ပြီး မိုးထားနိုင်တဲ့ အတိတ်နဲ့ ကျော်မိုးလို့ပေးလိုက် ... "

"တင်ပါ့ဘုရား ... "

ဆရာတော်ပေးတဲ့ နာမည်အတိုင်း သူတို့သားလေးကို ကျော်မိုး လို့ နာမည်ပေးလိုက်တော့တယ် ... ။

ဂဂဂဂ


www.burmeseclassic.com

www.burmeseclassic.com

ငယ်ငယ်တည်းကလှေ့ချင်လာတာ

ဘယ်လိုဆုံးမ ဆုံးမ . . .

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)
## စရိုက်တစဆို့

"ဟဲ့ ... သား သနပ်ခါးတွေ ဘာလို့လိမ်းတာလဲ"

မှန်ရှေ့က မခွာဘဲ သနပ်ခါးတုံးကိုသွေးလိုက် မျက်နှာမှာလိမ်းလိုက်လုပ်နေတဲ့ ကျော်မိုးကို မိခင်ဖြစ်တဲ့ ဒေါ်ခင်မိုးကလှမ်းအော်တယ် ကျော်မိုးက ကြားပေမယ့် မှန်ရှေ့ကမခွာ ...

"ဟဲ့ ... ငါပြောတာ ကြားရဲ့လား ... "

"ကြားတယ် အမေရဲ့ မပြီးသေးလို့ ... "

မှန်ကိုကြည့်၍ ကျောက်ပြင်က သနပ်ခါးကိုယူ၍ ပါးကွက်ဝိုင်းရင်း ကျော်မိုးက ပြန်ပြောတယ် ...

"နင်ကတော့ ခက်တာပဲ ... အားနေလို့ မှန်ရှေ့ကမခွာဘူး ငါမွေးထားတာ ယောကျ်ားလေး ... မိန်းကလေးမဟုတ်ဘူး အဲဒေါက် လှချင်လို့ မဖြစ်ဘူး ... "



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ခင်မိုးက တဗျစ်တောက်တောက်ပေမယ့် ကျော်မိုးက သူ အလုပြင်နေတာမပျက် ...

"အမေ ဘယ်အင်္ကျီဝတ်ရမှာလဲ ... "

"ဟဲ့ ... စွပ်ကျယ်ဝတ်ပေါ့ ဒီလောက်ပူလောင်နေတာ"

"စွပ်ကျယ် မဝတ်ချင်ပါဘူး"

ကျော်မိုးက နှုတ်ခမ်းစူကာပြောတယ် ... ဒေါ်ခင်မိုးက ဒေါကန်ပြီး ...

"စွပ်ကျယ်မဝတ်လို့ ဘာဝတ်မှာလဲ ... "

"ဟိုရက်က အမေ မြို့ကဝယ်လာတဲ့ အင်္ကျီအသစ်လေးဝတ်မယ် ... "

"တယ် ... ငါလုပ်လိုက်ရ အလှူတို့ဘာတို့သွားမှာ အသစ်ဝတ်ရတာ အိမ်နေရင်း ဘာလို့အသစ်ဝတ်မှာလဲ"

ဒေါ်ခင်မိုးကအော်တော့ ကျော်မိုးကခြေဆောင့်ကာ ဗီရိုထဲက စွပ်ကျယ်တစ်ထည်ကိုယူ၍ မဝတ်ချင်ဝတ်ချင်နှင့် ဝတ်လိုက်တယ်။

ပါးမှာကပါးကွက်ကွက်ထားတာ ပါးနှစ်ဘက်လုံးညီလို့ ...

"ဟဲ့ ... ဒါ ဘယ်သွားမလို့လဲ"

"နက်မနဲ့ လယ်ထဲသွားမလို့"

ဒေါ်ခင်မိုး ဘာမှမပြောတော့ ...

ကျော်မိုးအသက်က ခြောက်နှစ်ကျော်ပြီ ကျားကျားယားယား မရှိ ... လူက မိန်းကလေးတစ်ယောက်လို နွဲ့နေတယ် ...

အလှအပကြိုက်တာလည်း လွန်ရော ...



www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားလေးတွေနှင့် မဆော့ ... သူ့အဖော်များက မိန်းကလေးများသာဖြစ်တယ် ...

ဖန်ခုန် ... ကြိုးခုန်ကို မိန်းကလေးတွေနဲ့ တန်းတူဆော့တယ် သူ့မိဘများရဲ့ကွယ်ရာမှာ သူ့အဖော်တွေက သူ့ကိုအခြောက်တဲ့ ...

သူ့ဘာမှပြန်မပြော စိတ်ထဲက ကြိတ်ပြီးကျေနပ်နေတယ်၊ ယောက်ျားလေးတစ်ယောက်လို စိတ်ကဘာယ်လိုမှမွေးလို့မရ ...

ပြေးပြေးလွှားလွှား ရဲရဲတင်းတင်း ဆော့ရမှာကို ဝါသနာမပါ မိဘများကွယ်ရာ ပန်းပန်တာကို သူ့သဘောကျတယ် ...

တစ်ခါက သူ ဇီဇဝါပန်းတစ်ပွင့် ခေါင်းမှာပန်းထားတာကို အဖေတွေ့တော့ နွားရိုက်တဲ့ ကြိမ်လုံးနဲ့ သူ့ဆော်တာ သုံးရက်လောက် အိပ်ရာထဲကမထနိုင် ...

အမေက ဆေးလိမ်းပေးမှ သက်သာသွားတယ် ...

"သားရယ် သားကယောက်ျားလေး ဘာလို့ ပန်းပန်တာလဲ ပန်းပန်တယ်ဆိုတာ မိန်းမတွေမှ ပန်တာ ... "

"ပန်ချင်တာကို ... "

"ပန်ချင်လို့ မရဘူးလေ ... ယောက်ျားလေးလိုနေပါသားရယ်၊ အမေတို့မှာ ရှားရှားပါးပါး သားတစ်ယောက်ပဲရှိတာ သားက အခုလိုနေတော့ အမေတို့ ဘယ်လိုအားကိုးမလဲ"

" ... "

ဒေါ်ခင်မိုးကချော့ နားဝင်အောင်ပြောပေမယ့် ကျော်မိုးက မျက်နှာကို ဆစ်ဘက်လှည့်၍ မကြားချင်ယောင်ဆောင်နေတယ် ...

www.burmeseclassic.com

www.burmeseclassic.com



"လာမယ့်နှစ်ဆို သားကိုဆရာတော်ကျောင်းပို့ရမယ် ... ကျောင်းမှာ သားအခုလိုနေရင် ဆရာတော်က ရိုက်မှာပေါ့"

"ကျွန်တော် စာမသင်ချင်ဘူး"

"စာမသင်လို့မရဘူး ... သားရဲ့ စာတတ်မှ လူရာဝင်မှာ စပါးတွက် ပဲတွက် တွက်တတ်မယ် ဥစ္စာပစ္စည်းကို ထိန်းသိမ်းတတ်မယ်

စာမတတ်ရင် သူများပြောတာ ခေါင်းညိတ်ရမယ် ... ဥစ္စာ ပစ္စည်းလည်း ထိန်းနိုင်မှာမဟုတ်ဘူး"

"ဆရာတော်က ကျွန်တော့်ကိုရိုက်မယ်ဆို"

"ဆရာတော်က သား အခုလိုနေတာကို ကြိုက်မှာမဟုတ်ဘူး ယောကျ်ားပဲသားရယ် ယောကျ်ားလိုပဲနေပါ ... "

ဒေါ်ခင်မိုး ဘယ်လိုပြောပြော ကျော်မိုးက သူ့အမူအကျင့်ကို ပြောင်းခြင်းမရှိ ...

တစ်ခုရှိတာက သူက ကျွဲမကြီး နက်မကိုအလွန်ချစ်သည်။

အစာကို ကိုယ်တိုင်ကျွေးသလို သူတစ်ခါတစ်ရံအပျင်းပြေ လယ်ထဲ သွားရင် နက်မကိုစီးသွားတယ် ... နက်မက သူ့ကျော်ပေါ် ကျော်မိုး တစ်ယောက်သာစီးခွင့်ပေးတာ တခြားဘယ်သူမှစီးလို့ရတာ မဟုတ် ...

ကျော်မိုးက သူ့နို့ကိုစို့ပြီး ကြီးခဲ့တာမလား ...

ဂ ဂ ဂ



www.burmeseclassic.com

www.burmeseclassic.com

"ဟဲ့ ... မိဆုံ နင့်ကလစ်လေး လှလိုက်တာ ငါ့ကိုပေးပါလား"

မိဆုံခေါင်းမှာထိုးထားတဲ့ ကလစ်လှလှလေးကို မြင်တော့ ကျော်မိုး တစ်ယောက် လိုချင်တဲ့ စိတ်ကိုတားမရ ...

"ငါ့အစ်မ မြို့ကအပြန်ဝယ်လာပေးတာ"

"အေးပါဟယ် ... ငါလိုချင်လို့ပါ"

"ဟင့်အင်း ... မပေးပါဘူး၊ လှလို့ ငါထိုးထားတာ"

မိဆုံကလည်းမပေး ကလေးဆိုတော့ သူတို့လိုချင်တာကို သူများ ယူသွားမှာ ကြောက်တယ်မလား ...

ကျော်မိုးက မိဆုံကိုချော့၍ ...

"ငါ့အိမ်မှာ မုန့်တွေအများကြီးရှိတယ် နင့်ကိုကျွေးမယ်လေ"

"ဟင့်အင်း ... မစားချင်ဘူး"

ကျော်မိုး ဘယ်လိုပြောပြော မိဆုံကမပေး ... ဒီတော့ ကျော်မိုး စိတ်တိုလာတယ် ...



www.burmeseclassic.com

www.burmeseclassic.com



"ငါ့ကိုပေးမလား မပေးဘူးလား ပြောစမ်းမိဆုံ ..."

"မပေးဘူး ... နင်ဟာမို့လား ..."

မိဆုံကလည်း အပြတ်ငြင်းတယ် ...

"ကောင်းကောင်းတောင်းမလို့မပေးရင် လုတယ်ဟယ်"

"ဟင် ..."

ကျော်မိုးက မိဆုံခေါင်းက ကလစ်ကိုအတင်းဆွဲလုတယ် မိဆုံကလည်း ရုန်းတယ် နှစ်ယောက်သား ဖုန်ထဲမှာလုံးထွေးနေကြတော့ ဘေးက ကလေးတွေက မိဘတွေကို ပြေးပြောတယ် ...

"ဒေါ်စမ်းအေး ... မိဆုံနဲ့ ကျော်မိုး သတ်နေကြလို့"

"ဟော ..."

ထမင်းချက်ဖို့ပြင်နေတဲ့ ဒေါ်စမ်းအေး အိုးကိုဘေးချပြီးလာပြောတဲ့ ကလေးနောက်လိုက်လာတယ် ...

"ဟဲ့ ကလေးတွေ တော်ကြစမ်း ..."

ဒေါ်စမ်းအေးက ကျော်မိုးနဲ့ သူ့သမီး မိဆုံကိုဆွဲဖယ်လိုက်တော့ မိဆုံမျက်နှာမှာ လက်သည်းကုပ်ရာတွေ တွေ့သလို ကျောမိုးလက်မှာလည်း မိဆုံကိုက်ထားတာ သွားရာအကွင်းလိုက် ...

အဲဒီအချိန်မှာပဲ ဒေါ်ခင်မိုးလည်း ရောက်လာတယ် ...

"ဟဲ့ ... ဟဲ့ ... ဘာဖြစ်ကြတာလဲ"

ဒေါ်ခင်မိုးက မေးတော့ မိဆုံက ...

"သမီး ... ကလစ်ကို သူယူမလို့ဆိုပြီး အတင်းလုတာ"

"ကြည့်ပါဦး ... မခင်မိုးရယ် ကျွန်မသမီးမျက်နှာမှာ ရှင့်သား



www.burmeseclassic.com

www.burmeseclassic.com



လက်သည်းနဲ့ ကုတ်ထားတာ ..."

ဒေါ်ခင်မိုးက သူ့သားကိုယ်ကိုကြည့်ပြီး လက်ကိုဖုတ်ခါပေးတော့ မိဆုံကိုက်ထားတဲ့ သွားရာကို မြင်သွားတယ် ...

"ဟင် ... ဒါ ... ဘယ်သူလုပ်တာလဲ"

"သူ ... ကိုက်တာ"

ဒေါ်ခင်မိုး ဆွေ့ဆွေ့ခုန်သွားတယ် ...

"ဟဲ့ ...စမ်းအေး နင့်သမီး ငါ့သားကိုကိုက်ထားတဲ့ဒဏ်ရာကို ကြည့်ဦး ..."

"အို ... ဒါကတော့ ဘာလို့ သူများပစ္စည်းကိုလုလဲ"

"ကလေးပဲ မသိလို့ပေါ့ ..."

ကလေးတွေသတ်တဲ့ ကိစ္စနှင့် လူကြီးချင်း ရန်ဖြစ်တော့တယ်။ ဒေါ်စမ်းအေးဆိုတာကလည်း ရွာထဲမှာစွာမှုစွာသူတစ်ယောက် ဒေါ်ခင်မိုး ကလည်း သူ့သားနဲ့ပတ်သက်ရင် အထိမခံ ...

"နောက်မှတ်ထား ကိုယ့်ကလေး မလုစေချင်ရင် ဝယ်ပေးထား"

"ဟဲ့ ...ဝယ်ပေးနိုင်တယ် တစ်ခုမဟုတ်ဘူး ...အခုတစ်ရာ လည်းဝယ်နိုင်တယ် ...ကလစ်မို့ မဝယ်ပေးတာ ..."

"ကိုယ့်သား ဘာလဲ ကြည့်ဦး ...မိန်းကလေးကိုင်တာကို မရမက လုရတယ်လို့ ကြားလို့မှကောင်းရဲ့လား ...ကိုယ့်သားအခြောက် ဖြစ်နေတာ ဆိုရင် ဝယ်ပေးသင့်တာဝယ်ပေး ..."

ဒေါ်ခင်မိုးနဲ့ ဒေါ်စမ်းအေးတို့ ရန်ဖြစ်တာ ဝက်ဝက်ကွဲနေတော့ တယ် ...ရွာထဲကလူကြီးတွေ လာတားမှရပ်တော့တယ် ...



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ခင်မိုး ရှက်လည်းရှက် ဒေါ်သလည်းဖြစ်ပြီး ကျော်မိုးကို ရိုက်တာ ကြိမ်လုံးတစ်ချောင်းကုန်တယ် ...

သို့ပေမယ့်လည်း ...

ကျော်မိုးက သူ့အမူအကျင့်ကို ပြောင်းလဲခြင်းမရှိဘဲ မိန်းကလေး ဘဝကိုသာတပ်မက်နေတယ်လေ ...

ရုရုရု



www.burmeseclassic.com

www.burmeseclassic.com

# နက်မကြီးအဆောင်းကို ဘယ်လိုလုပ်ရမလဲ

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၇)

# ကျွဲပုံကြီး

ကျော်မိုး ဆယ်နှစ်သားရောက်တဲ့အချိန်မှာတော့ ကျွဲနက်မကြီးသေသွားတယ် ... ငါကျော်မိုးတစ်ယောက် ဝမ်းနည်းလို့မဆုံး ...

"ဟီး ... "

ကျွဲမကြီးအလောင်းကို ကြည့်၍ ငိုလို့သာနေတယ် ...

"သားရယ် ... နက်မကြီးမရှိလည်း အမေကျွဲတစ်ကောင်ဝယ်ပေးပါ့မယ် ... အဲဒီလောက်လည်း ဝမ်းနည်းမနေပါနဲ့"

"ဟီး ... "

ကျော်မိုးကို ဘယ်လိုချော့ချော့မရ ...

ကျွဲမကြီးမှာ နောက်ထပ်ကျွဲများထပ်ပေါက်သော်လည်း အဖက်မတင်သေလို့သာသွားတာကြောင့် ဒေါ်ခင်မိုးတို့အိမ်မှာ ကျွဲမရှိ ...

နက်မရဲ့ အသားကိုမစားဘဲ ခြံထဲကထောင့်တစ်ထောင့်မှာ မြေကျင်းတူး၍ မြှုပ်တယ် ...



www.burmeseclassic.com

www.burmeseclassic.com



နက်မအပေါ် သံယောဇဉ်ကြီးလွန်းတဲ့ ကျော်မိုးက နက်မ မရှိတဲ့ နောက်ပိုင်း တမှိုင်မှိုင် ... ကျွဲမွေးတဲ့ခြံသွား၍ ဖခင်က လိုချင်တဲ့ကျွဲကို ပြခိုင်းလည်း တစ်ကောင်မှမလိုချင် နက်မကိုသာ တနေတယ် ...

"မခင်ရေ မင်းရဲ့သားကတော့ မလွယ်ဘူး ... ဘယ်လိုလုပ်ကြမလဲ"

"ဘယ်သိမလဲ ... တော် ... ကျွန်မလည်း တစ်နေ့တစ်နေ့ စိတ်ညစ်တယ်"

နှစ်ယောက်သား စဉ်းစားကြရင်း ဦးကံဆောင်က ...

"ဒီလိုလုပ်မယ်ကွာ ... မြို့က ပန်းချီဆရာတစ်ယောက်ကို ကျွဲပုံဆွဲခိုင်းလိုက်မယ် ... အိမ်မှာချိတ်ထားရင် မင်းသားပုံကိုကြည့်နေရရင် အခုလိုဖြစ်မှာမဟုတ်တော့ဘူး ... "

"ပုံက နက်မနဲ့တူမှ ဖြစ်မှာပေါ့ ... "

"တူမှာပါကွာ ... တူအောင်လည်း ငါသေချာပြောမှာပါ"

"ရှင်ကောင်းသလိုသာလုပ် ကျွန်မသား စိတ်ပြေရင်ပြီးတာပဲ"

လင်မယားနှစ်ယောက် တိုင်ပင်ကာ ကျွဲပုံပန်းချီကားကို ဦးကံဆောင်က မြို့တက်ကာအပ်လိုက်တယ် ...

ပန်းချီကားဆွဲသူကလည်း ဦးကံဆောင်ပြောတဲ့အတိုင်း ကျွဲပုံကို ဆွဲပေးလိုက်တယ် ... ကားချပ်ကြီးကလည်း အကြီးကြီးဆိုတော့ ကျွဲပုံက ခန့်ညားထည်ဝါလွန်းတယ် ...

ပန်းချီကားရလာပြီး ဦးကံဆောင်အိမ်ယူလာပြီး အိမ်ရှေ့ခန်းမှာ ချိတ်ထားတယ် ... ဘုန်းကြီးကျောင်းက စာသင်ပြန်လာတဲ့ ကျော်မိုးက



www.burmeseclassic.com

www.burmeseclassic.com



ကျွဲပုံကြီးကိုမြင်တော့ ...

"တယ် နက်မ ပုံကြီး ... "

"ဟုတ်တယ် ... သား နက်မနဲ့တူတယ်မလား ... "

"ဘယ်ကရတာလဲ အဖေ ... ကျွန်တော်နက်မကို မြင်နေရသလို ပဲ ... "

ဦးကံဆောင်က ကျော်မိုးခေါင်းကို ပုတ်လျက် ...

"သား နက်မကို သတိရနေမှန်းသိလို့ ... နက်မပုံကို မြို့က ဝယ်လာတာ ... "

"တကယ့် နက်မအတိုင်းပဲ အဖေရယ် ... "

ကျော်မိုး သဘောအကျကြီး ကျနေတယ် ... ပုံရှေ့ကကိုမခွာ တော့ တစ်ခါတရံ သူ့သူငယ်ချင်းများကိုတောင် ခေါ်ပြလိုက်သေးတယ်။

"ကျော်မိုး နင့်ကျွဲကြီးနက်မပုံလား ... "

"ဟုတ်တယ် ထွေးမြ ... ပုံက လှတယ်မလား ... "

"လှတယ် ... အဲလိုပုံမျိုးတစ်ခါမှမတွေ့ဖူးဘူး ... ဘုန်းကြီး ကျောင်းကပုံတွေနဲ့တော့ တခြားစီပဲ ... "

ဘုန်းကြီးကျောင်း၌ရှိတာ ဗုဒ္ဓဝင်ပန်းချီကားများကို သတိရ၍ ထွေးမြက ပြောတာဖြစ်တယ် ...

ကျော်မိုးက ...

"ငါ နက်မကိုသတိရနေတာ အခုလိုပုံမြင်ရတော့ စိတ်ပြေတာ ပေါ့ ... "

"ဟုတ်တာပေါ့ ... နက်မကလည်း နင့်ကိုသိပ်ချစ်တာ



www.burmeseclassic.com

www.burmeseclassic.com



ဘာတတ်နိုင်မှာလဲ … ဟယ် တိရစ္ဆာန်ဆိုတာ လူထက်စောစောသေတယ်လို့ တို့အဘွားပြောဖူးတယ် … ”

“ငါက နက်မကို မသေစေချင်ဘူး … သေသွားတော့လည်း ဘာတတ်နိုင်မှာလဲ … ”

ထွေးမြနဲ့ ကျော်မိုးတို့ စကားတပြောပြောနဲ့ အိမ်ပေါ်ကဆင်းလာတယ် … ကျော်မိုးအပေါင်းအသင်းတွေအားလုံး မိန်းမတွေပဲ ယောက်ျားလေးတွေနဲ့လည်းမပေါင်း …

ကြမ်းကြမ်းတမ်းတမ်း ဆော့ကစားရတာကိုလည်း ဝါသနာမပါ။ နုနုရွရွ အလှအပတွေကို အရွယ်ရောက်လာတာနဲ့ ပိုမက်မောလာတယ် လမ်းလျှောက်ရင်းလည်း နွဲ့လာတယ် …

ဝိုင်းစိန်တို့ထွေးမြတို့ နေပုံထိုင်ပုံ ပြောပုံဆိုပုံကို အားကျလာတော့ သူတို့အတိုင်းပြောနေတော့ ယောက်ျားဖြစ်တဲ့ သူ့ပုံနဲ့က သဟာဇာတ မဖြစ်ပြန်ဘူး …

ဘုန်းကြီးကျောင်းက ဆရာတော်ရဲ့ နှစ်လုံးပူးကြိမ်ဒဏ်က ကျော်မိုး ခဲကျောမှာ ထပ်နေပေမယ့် သူ့စရိုက်ကလုံးဝမပြောင်း …

“လူ့ဘဝဆိုတာ ရခဲတယ် … ရခဲတဲ့လူ့ဘဝမှာတောင် ရဟန်းဝတ်ခွင့်ရတဲ့ ယောက်ျားဘဝကိုရပေမယ့် ဒင်းကမိန်းမဘဝကို အားကျတယ်၊ အတိတ်ဘဝက ဝဋ်ကြွေးအတော်ကြီးတာပဲ … ”

ဆရာတော်က ပြောဆိုဆုံးမပေမယ့် ကျော်မိုး စိတ်တွေ ပြောင်းလဲခြင်းမရှိ … နေမြဲအတိုင်းပါပဲ …

သူ့အသက် ဆယ့်ငါးနှစ်အောက်မှာတော့ သူ့မိခင်ဒေါ်ခင်[illegible]နဲ့



www.burmeseclassic.com

www.burmeseclassic.com



ခေါင်ဦးကံဆောင်တို့ ရှေ့ဆင့်နောက်ဆင့်ဆိုသလို အဖျားရောဂါနဲ့ ဆုံးသွားကြတယ် ...

လယ်ယာ ခြံတွေကို အဒေါ်ဖြစ်တဲ့ မအေးမေက ဆက်လုပ်ကိုင်ရင်း ကျော်မိုးကို စောင့်ရှောက်တယ်။

မအေးမေက လင်ရှိတာလည်းမဟုတ် အပျိုကြီးတစ်ဦးလည်းဖြစ်သလို ကျော်မိုးကလည်း သူ့လက်ပေါ်ကြီးခဲ့ရတာဆိုတော့ ကျော်မိုးကို အလွန်ချစ်ရှာတယ် ...

"သားရယ် သားရဲ့စရိုက်ဖျောက်ပါလား ... ဒေါ်လေးကမိန်းမသားဆိုတော့ သားမိဘရဲ့ဥစ္စာပစ္စည်းကို ထိန်းဖို့မလွယ်ဘူး ... သားကယောကျ်ားဆိုတော့ ဥစ္စာပစ္စည်းကို ကာကွယ်နိုင်မယ်လေ ... "

"အို ... ဒေါ်လေးကလည်း အတူတူပဲဟာ ... "

"ဟင်း ... "

မအေးမေ ကျော်မိုးကိုကြည့်ပြီး သက်ပြင်းသာချလိုက်တယ် မိဘများမရှိတော့တာ သူ့အတွက် အခွင့်အရေးပိုကောင်းတယ်လို့ ထင်ထားတယ်လေ ...

ဒေါ်လေး အေးမေဆိုတာ အရုပ်တစ်ရုပ် ...

သူပြောချင်သလို ပြောလို့ရတယ် ... အဲလိုနဲ့ တစ်ရက်မှာ ကျော်မိုးဘဝအပြောင်းအလဲနဲ့ ကြုံလာတာကတော့ ...

ဝိဝိဝိ



www.burmeseclassic.com

www.burmeseclassic.com

"ဟယ် ... ရွှေတုတ် ရွာပြန်လာတာလား ... လာ အိမ်လိုက်ခဲ့"

ရွာထိပ်မှာ မအေးမေက သူငယ်ချင်းဖြစ်တဲ့ ရွှေတုတ်နဲ့တွေ့တယ်၊ ရွှေတုတ်ဘေးမှာလည်း အဖော်တစ်ယောက် ယောကျ်ားတော့ ယောကျ်ား ပါပဲ ...

ဒါပေမယ့် နွဲ့နွဲ့နှဲ့ဆိုတော့ မိန်းမလျာတစ်ယောက် ...

"အေးမေ ... နေကောင်းတယ်မလား ... ငါ့အမေနေမကောင်း ဘူးဆိုလို့ ... ရွာကိုလာတာ ... "

"ငါက နေကောင်းတယ် ... နင့်အမေဒေါ်လေးက တရှောင် ရှောင်နဲ့ ငါလည်းမနေ့က ဝင်ကြည့်ရင်းနဲ့ နင့်အကြောင်းပြောကြသေးတယ်"

"အေးဟာ ... နောက်မှ အေးအေးဆေးဆေး ပြောမယ်၊ အမေ့အိမ်သွားဦးမယ် ... ညနေလောက်မှ နင့်အိမ်လာမယ် ... "

"အေး ... အိမ်မှာထမင်းစား ချက်ထားမယ်"

မအေးမေက ရွှေတုတ်ကိုပြော၍ အိမ်ကိုပြန်လာတယ်၊ ရွှေတုတ်



www.burmeseclassic.com

www.burmeseclassic.com



က ရွာကနေ မြို့တက်ပြီး အလုပ်လုပ်ရာမှ မြို့သားတစ်ယောက်နဲ့ အိမ်ထောင်ကျတယ် ...

စီးပွားရေးလည်း အတော်အသင့် ပြေလည်နေသည်ဟုကြားရပြီး ရွာကိုတော့ တစ်နှစ်နေမှ တစ်ခေါက်လောက်သာရောက်လေ့ရှိတယ်။

အေးမေနဲ့ ရွှေတုတ်က သူငယ်ချင်းတွေ အရင်အေးမေနေတဲ့ အညာစုမှာ ရွှေတုတ်အမျိုးတွေရှိတယ် ... အမျိုးတွေဆီ ရွှေတုတ်လာလည်ရင်း အေးမေနဲ့ ခင်ကြတာ ...

အေးမေ ဒီရွာရောက်တော့ ရွှေတုတ်ကမြို့ရောက်နေပြီ ... မြို့မှာ ရွှေတုတ်ဘာအလုပ်လုပ်လည်း အေးမေမသိ ...

"ဒေါ်လေး ဘာချက်နေလဲ ... "

အပြင်မှပြန်လာတဲ့ ကျော်မိုးက ရုတ်တရက်မေးလိုက်တော့ အေးမေရဲ့အတွေးတွေ လွင့်သွားတယ် ...

"ရွှေတုတ်လေ ရွာလာဖို့ ညနေစာ ထမင်းကျွေးမလို့ ချက်နေတာ ... "

"ကျွန်တော် သိပြီးပြီ သူနဲ့အတူ မိန်းမလှလှတစ်ယောက်ပါလာတယ် ... အရမ်းချောတာပဲ သိလား ... လမ်းလျှောက်တာလည်း မိန်းမအတိုင်း အရမ်းအားကျတာပဲ ဒေါ်လေးရယ် ... "

"အေး ... နင်က မျိုးတူချင်း အားကျတာပေါ့"

"ဟုတ်တယ် ... အားကျတယ် ... အရမ်းအားကျတယ် သူနေမယ်ဆိုရင် အိမ်မှာခေါ်ထားမှာ ... "

ကျော်မိုးက ပြောပြောဆိုဆို သူ့အခန်းထဲဝင်သွားတယ်။ ရွာမှာ



www.burmeseclassic.com

www.burmeseclassic.com



က ကျော်မိုးလိုလူမျိုးက ရွာမှာသူတစ်ယောက်ပဲရှိတော့ သူ့လိုအဖော် လိုချင်တာပေါ့လေ ...

မိန်းမလျှာဘဝကို ကျေနပ်တဲ့ ကျော်မိုးတစ်ယောက် နေ့စဉ် အလှပြင်လိုက် ရွာထဲပတ်လျှောက်လိုက် လုပ်တယ် ...

မအေးမေလည်း ကျော်မိုးကို ဘာမှမပြောတော့ မိဘတွေရှိထဲက ပြောမရခဲ့တာ ... အခုလို အချိန်မှာဆိုရင် ပိုလို့တောင်ပြောလို့ မရတော့မှန်း မအေးမေသိသည်လေ ...

ဂျဂျဂျ



www.burmeseclassic.com

www.burmeseclassic.com

ကန္တာရမီးဆိုတာက . . .

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၈)

# တန္တားတတ်သူ

"တို့က မြို့မှာ ကန္တားစီးလက်ထောက်နတ်ကတော် နတ်ပွဲရှိရင် အရမ်းပျော်စရာကောင်းတာ ... မိန်းမလျှာတွေမှ အများကြီး"

မင်းမင်းဆိုတဲ့ ရွှေတုတ်နဲ့ပါလာတဲ့ အခြောက်ကပြောတာကို ကျော်မိုးက အားကျစွာနားထောင်တယ် ...

"မိန်းမလျှာတွေက ချောလားဟင်"

"ဟယ် ... ချောတာပေါ့ ... ရုပ်ရှင်မင်းသမီးတွေအတိုင်း နှုတ်ခမ်းနီ မိတ်ကပ်တွေလိမ်း မျက်တောင်တုတပ် နတ်ဝတ်နတ်စားနဲ့ဆို တော့ အတုနဲ့အစစ် ဘယ်လိုမှ ခွဲမရတော့ဘူး ... ကန္တားပွဲတွေမှာဆို သရမ်းတဲ့ကောင်တွေက အတင်းလက်ဆွဲဖက်တောင်နမ်းတာ အမလေး ပြောရင်းတောင် ရင်တုန်တယ် ...

မိန်းမလျှာဆိုပေမယ့် အနေအထိုင် အပြောအဆိုဆင်ခြင်ရတယ်။



www.burmeseclassic.com

www.burmeseclassic.com



ခပ်နန့်နန့်မိန်းမလျာတွေဆို မာမီစိုးကပြောကြည့်လို့ မရရင် လက်မခံဘူး ... မောင်ထုတ်ပစ်တာ ... ”

“မာမီစိုးဆိုတာက ... ”

“ကန္တာရစိုး မောင်မောင်စိုးလေဟာယ် ... တို့ဆရာမကြီးပေါ့ အရမ်းအကတော်တာ ဘယ်နတ်ဝင်ရင် ဘယ်လိုကရမယ် ဆိုင်းစီးချက်နဲ့ ညီအောင် လက်ချိုးခြေထိုး တက်ရမယ်ဆိုတာ အသေးစိတ်သင်ပေးတာ”

ကျော်မိုးတစ်ယောက် သူမကြားဖူးတာတွေကြားရလို့ အရမ်းကို စိတ်ဝင်စားနေတယ် ... သူလို မိန်းမလျာတွေအဖွဲ့လိုက် ကကြပျော်ကြ တာကို စိတ်ကူးနဲ့တင် အားကျကျေနပ်လာတယ် ...

“ကတာတ်မှုဆိုတော့ ... နတ်ဝင်တော့ ဘယ်လိုလုပ်မလဲ”

“နတ်ကဝင်တဲ့အခါလည်း ဝင်တာပေါ့ ... မဝင်တဲ့အခါလည်း ကိုယ်ပင့်တဲ့ နတ်ကတဲ့အတိုင်းကပေါ့ ... ဟယ် ... နတ်တွေမှာ ဘယ်နတ် ဘယ်လိုကရမယ် ကကွက်သီးဘန့်မရှိပါဘူး ... လှအောင်တော့ ကရတာ ပေါ့ ...

ကတာအခက်ဆုံးက အမေနတ်ဝင်တာပဲ အမေနတ်ချော့တာ တအားခက်တာ ... ”

“အမေနတ်ဆိုတာ ... ”

“အမေနတ်ကရှိင်းလေ ... ပဲခူးမယ်တော်လို့လည်းခေါ်တယ် အမေ့ခေါင်းကို မမပြီးကရတာ ... ”

မိန်းမလျာမင်းမင်းရဲ့ စကားကြောင့် ကျော်မိုး ရင်တွေလှုပ်ခနဲ လှုပ်ခနဲဖြစ်သွားတယ် ...



www.burmeseclassic.com

www.burmeseclassic.com



"သူ့ကို ကိုးကွယ်ယုံကြည်တဲ့ သူတွေကို အမေကတကယ်စောင့် ရှောက်တာ ... ဉစ္စာပစ္စည်းလည်းပေးသလို ရန်သူတွေကို "ချို" နဲ့ခတ် ထုတ်ပစ်ပေးတယ် ... "

"အမေ နတ်ကရိုင်းဆိုတာ ကျွဲနတ်လား"

"ဟယ် ... နင်သိတယ်ပေါ့ ... ဟုတ်တယ် ကျွဲနတ် ... အမေ နတ်ဖြစ်သွားပုံက အရမ်းသနားစရာကောင်းတာ အမေက တကယ့် မေတ္တာရှင်နတ် ... သူ့ခေါင်းကို လိုချင်တယ်ဆိုလို့ ဖြတ်ပေးခဲ့တာလေ"

မင်းမင်းပြောတာကို နားထောင်ရင်း ကျော်မိုး မျက်ရည်တွေ လည်လာတယ် ... ဒါကိုမြင်တဲ့ မင်းမင်းက ...

"ဟဲ့ ... နင်ဘာဖြစ်တာလဲ"

"မမင်းပြောတဲ့ အမေနတ်ကရိုင်းမယ်တော်အကြောင်း နားထောင် ရလို့ပါ ... "

"အို ... ဒါ ဝမ်းနည်းစရာလား ... အမေကနတ်ဖြစ်နေပြီ အားလုံးကိုစောင့်ရှောက်တယ် ... ဟဲ့"

"အင်း ... "

ကျော်မိုး ပါးပေါ်မျက်ရည်တွေ လိမ့်ဆင်းလာတယ် ... ရှိုက်ရှိုက်ပြီး ကို ငိုတာ ... ဒါကို မင်းမင်းက ...

"ဟဲ့ ... 'တို့မိန်းမလျာတွေက အပြင်ဘက်မှာသာ အနုအရွ နေရတာ စိတ်ကမာရတယ်ဟဲ့ ... ပတ်ဝန်းကျင်က ကိုယ်နေတာထိုင်တာ ကို ဘယ်လိုပဲပြောပြော စိတ်မပြောင်းအောင်နေရတယ် ...

ကိုယ်ပျော်ရာဘဝမှာ မပြောင်းပစ်ရဘူး ... နင်က အမေနတ်



www.burmeseclassic.com

www.burmeseclassic.com



အကြောင်းပြောရုံနဲ့ငိုတာ စိတ်ပျော့တာပေါ့ ... အဲလို စိတ်ပျော့ရင် မိန်းမလျှာမလုပ်နဲ့တော့ ... ''

''မဟုတ်ပါဘူး ... မမင်းရယ် အမေနတ်ဟာ ကျွန်တော့်ဘဝနဲ့ ဆက်စပ်နေတယ်လို့ ထင်လို့ပါ ... ''

''လုပ်ပြီ ... မိန်းမလျှာတွေ တွေ့စမှာအဲလိုပဲကြေကွဲစရာနဲ့စပြီ''

မင်းမင်းက မိန်းမလျှာ အတွေ့အကြုံများနေသူမို့ ကျော်မိုး ပြောတာကို မယုံကြည် ...

ထိုစဉ် ...

မအေးမေက သူတို့နားရောက်လာပြီး လက်ဖက်သုပ်ပန်းကန် ချပေးတယ် ...

''လက်ဖက်သုပ်စားဦး ... ''

''ကောင်းတာပေါ့ လက်ဖက်သုပ်က မမင်းအကြိုက်''

မင်းမင်းက လက်ဖက်ကို ဟန်ပါပါနှင့်တစ်ဇွန်းချင်းယူစားတယ် ကျော်မိုးက သူမမြင်ဘူး မသိဘူးတာတွေကို သိရတော့ကျေနပ်လို့မဆုံး။

လက်ဖက်သုပ်စားနေတဲ့ မင်းမင်းကိုလှမ်း၍ ...

''ကျော်လည်းလေ မမင်းတို့လို နတ်ကန္တားလိုက်ကချင်လိုက်တာ ပျော်စရာကြီးနေမှာပဲနော်''

''ပျော်စရာတော့ ကောင်းတာပေါ့ဟယ် ... ဒါပေမယ့် ကန္တားစီး ခိုင်းတာ အကုန်လုပ်ပေးရတာနော် ... ညဘက်ဆိုလည်း နင်းနှိပ်ပေးရ တာ တော်တော်လည်း သည်းခံရတာ ပိုက်ဆံလည်းရတာမဟုတ်ဘူး ထိုင်းလုပ် ဝိုင်းစားပဲ ... အဝတ်အစားတော့ နည်းနည်းပါးပါးဝယ်ပေးတာပေါ့ဟယ်''



www.burmeseclassic.com

www.burmeseclassic.com



"ရတယ် ... ကျော် မမင်းတို့လို နတ်လိုက်ကချင်တယ် ကျော်ကို ကန္နားစီးကိုပြောပေးပါလား"

ကျော်မိုးက မင်းမင်းကိုအတင်းပူဆာတယ် ... မင်းမင်းက ကျော်မိုး ခဏာခဏာပြောတာကို နားညီးလာတော့ ...

"အေးပါဟယ် ... ပြောပေးမယ်၊ တို့ဝိုင်းထဲက အပုလေး ရွာ ပြန်သွားတာ ပြန်မလာတော့ဘူးပြောတယ် ... သူ့နေရာ နင့်ကိုပြော ပေးမယ် ... "

"တကယ်နော် ... မမင်း ... "

"တကယ်ပါဟယ် ... "

ကျော်မိုးရင်ထဲမှာ ပီတိတို့ လွှမ်းခြုံလို့သွားတော့သည်။

ရရရ



www.burmeseclassic.com

www.burmeseclassic.com

မင်းမင်းက သူနှင့်ခင်သည့် ရွှေတုတ်နဲ့ရွာကိုအလည်လိုက်လာပေမယ့် ...ကျော်မိုးတို့အိမ်မှာပဲ သုံးရက်လောက်တည်းသွားတယ် ... ပြန်တော့လည်း နောက်တစ်ခေါက် ကျော်မိုးကိုလာခေါ်မယ်လို့ ကတိပေးသွားတယ် ...

"စိတ်ချ မကျော် _ ငါတကယ်လာခေါ်မှာ နှင့်ရှုပ်နှင့်ရှည်နဲ့ ရွာမှာ ဒီအတိုင်းနေတာ အလကားမှိုင်းတက်တယ် _ တို့နဲ့နတ်သာလိုက် ကလိုက်စမ်း _ နတ်ကတော်လောကမှာ နာမည်ကြီးမယ်ဆိုတာ ငါပြောရဲတယ်"

မင်းမင်းက အားရပါးရပြန်ခါနီးပြောသွားတယ် ... မအေးမေက မင်းမင်း မြန်မြန်ပြန်ပါစေ ဆုတောင်းနေတာ ... မင်းမင်း အိမ်မှာရှိတဲ့ ရက်မှာ သူ့တူက အရင်ထက်ပိုနွဲ့တယ် ...

နှစ်ယောက် ရွာလယ်လမ်းမမှာ လျှောက်တာ ခေါင်းတခါခါ ဖင်တရမ်းရမ်း ...

www.burmeseclassic.com



ရွာကလူတွေက စကြဲနောက်ကြဲလှောင်ကြနဲ့ သူတို့နှစ်ယောက်ဟာ ဂရုမစိုက် ... မိုးမမြင် လေမမြင် ...

မင်းမင်းပြန်သွားတာကို ကြည့်ပြီး ကျော်မိုးက မျက်ရည်လေး တစမ်းစမ်း ...

"သေချာ လာခေါ်နော် ...မမင်း"

အထပ်ထပ်မှာတယ် မိန်းမလျှာချင်းဆိုတော့ တစ်ယောက်ကို တစ်ယောက် ခင်ရှာတာပေါ့ ... စရိုက်တူ အတွေးအမြင်တူသူချင်းသာ ပေါင်းသင်းကြတာမလား ...

ကျော်မိုးတစ်ယောက် စိတ်ထဲမှာ အပျော်ကြီးပျော်နေတယ် မိန်းမလျှာတွေချင်း တစ်ယောက်နဲ့တစ်ယောက်ပြောဟယ်ဆိုဟယ် စားလိုက် သောက်လိုက် နတ်ကလိုက်နေရမယ့် ဘဝကို သူခုံမင်သည်လေ။

"ကျော်မိုး အိမ်ရှေ့မှာထိုင်ပြီး ပြုံးလိုက် ရယ်လိုက်နဲ့ ဘာဖြစ်နေ တာလဲ ..."

အဒေါ်ဖြစ်တဲ့ မအေးမေက အိမ်ရှေ့လှေကားမှာထိုင်ရင်း တစ် ယောက်တည်း ပြုံးရယ်နေတဲ့ ကျော်မိုးကို အိမ်ပေါ်မှာ ထိုင်ရင်းလှမ်းမေး တယ် ...

ကျော်မိုးက ပထမတော့မကြား ...

"ဟဲ့ ...ကျော်မိုး ငါမေးနေတယ်လေ ..."

"ဟာင် ..."

မအေးမေက အသံကျယ်ကျယ်နှင့် လှမ်းမေးမှ ကျော်မိုးသည်း သတိဝင်လာပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"ဘာမှ မဟုတ်ပါဘူး ..."

"ဘာမှမဟုတ်ရင် နင်ဘာလို့ပြုံးလိုက် ... ရယ်လိုက် မဲ့လိုက် လုပ်နေတာလဲ ..."

ကျော်မိုးက အိမ်ပေါ်တက်လာပြီး မအေးမေနားကပ်ထိုင်၍ –

"ဒီလိုလေ ဒေါ်လေးရဲ့ နတ်ကရင် ကတဲ့နတ်ရဲ့စရိုက်အတိုင်း ပြောရမယ် ကရတယ်တဲ့ ...အဲဒါကျင့်နေတာ ..."

"ဟင် ...နင်က တကယ်နတ်ကမလို့ ..."

မအေးမေက တအံ့တသြမေးတယ် ... ကျော်မိုးက မျက်လုံးလေးကိုဝင့်လျက် ...

BURMESE CLASSIC

"တကယ်ကမှာပေါ့ ဒေါ်လေးရဲ့ ... ဟိုတလောကလာတဲ့ မမင်းလာခေါ်ရင် လိုက်သွားမှာ ..."

"ကျော်မိုးရယ် ကိုယ့်မှာ ပစ္စည်းတွေလည်းရှိတယ် ...လယ်တွေ ယာတွေကလည်း နည်းတာမဟုတ်ဘူး ... ဒါတွေကို စီမံဖို့ပဲလုပ်ပါ ဒေါ်လေးလည်း တဖြည်းဖြည်း အသက်ကြီးလာပြီ ...နောက်ဆို တူလေးပဲ လုပ်ရမှာ ..."

မအေးမေက ကျော်မိုးနားဝင်အောင် ဖျောင်းဖျတယ်၊ ကျော်မိုးက မျက်နှာကိုမဲ့လျက် ...

"အဲဒါတွေ ဝါသနာမပါဘူး ...နတ်ကတာပဲ ဝါသနာပါတယ်"

"ကျော်မိုး ဒေါ်လေးက ဖြစ်သင့်တာကိုပြောနေတာ ..."

"မသိဘူး ...နတ်ပဲကမယ် မမင်းလာခေါ်တာနဲ့ လိုက်သွားမယ် ဒီကအလုပ်တွေ ဒေါ်လေးဘာသာဆက်လုပ်လိုက် ..."



www.burmeseclassic.com

www.burmeseclassic.com



မအေးမေ ကျော်မိုးကို ဘယ်လိုမှပြောမရဘဲ လက်လျှော့လိုက်ရတယ် _ သူ့မိဘများကလည်း တစ်ဦးတည်းသော သားယောကျ်ားလေးကို ယောကျ်ားပီပီသသ ဖြစ်စေချင် ကျော်မိုးက ဖြစ်မလာပါ ...။

သေသည်အထိ သူတို့ဆန္ဒမပြည့်ဝခဲ့ ...။

အခေါ်ဖြစ်တဲ့ မအေးမေကလည်း သူ့တူလေးကို ယောကျ်ားလေးတစ်ယောက် ပုံစံဖြစ်စေချင်ပေမယ့် ဖြစ်မလာပါ ...။

ထို့ကြောင့်လည်း ...

သူနေလိုတဲ့ ဘဝအတိုင်း နေထိုင်နေတာကို ကြည့်နေရတယ်။

အခုလည်း _ နတ်ကတော် မင်းမင်းနဲ့ ရင်းနှီးမိရာက နတ်ကတော် ဖြစ်ချင်လာတာကို ဘယ်လိုမှ တားလို့မရတော့ဘူးလေ ...

ရရရ

www.burmeseclassic.com

www.burmeseclassic.com

အမေကျွန်တော်ကမယ်ဆိုတော့ . . .

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၉)

## နတ်ကတော့သူ

နတ်ကတော် မင်းမင်း ရွာသို့တစ်ခေါက်ပြန်လာပြီး ကျော်မိုးကို လာခေါ်တယ် ... ကျော်မိုးလည်း ဝမ်းသာအားရထလိုက်သွားပြီး မြို့ရောက်တော့ ကန္တာရစီးမောင်မောင်စိုး နတ်ကတော့အဖွဲ့မှာ ဝင်ကတယ်။

အစပထမတော့ တောက်တိုမယ်ရ အလုပ်ပေါင်းစုံကိုသိမ်းကြုံးလုပ်ရတယ် ... သူ့အရင်ရောက်နေတဲ့ မိန်းမလျာတွေက ဟိုဟာခိုင်း ဒီဟာခိုင်းအကုန်လုပ်ပေးရတာ ...

"မကျော် ငါ့အင်္ကျီလေးခေါက်ထားလိုက်ဦး ... "

"အင်း ... အင်း"

ကျော်မိုး မငြီးပါ ... သူ့လို မိန်းမလျာအဖော်များနည်းတူ အလုပြင်လိုက် ... စားလိုက်သောက်လိုက် နေရတာကို ပျော်တယ်။

တစ်ခါတရံ နတ်ဝင်ကရတဲ့အခါ ကျော်မိုးပျော်မဆုံးဘူး ... ရွှေစားစိန်မောင်တင်ရဲ့ ဆိုင်းသံ စည်းချက်တွေနဲ့အတူ လှုလှုပပကကတာ ...

www.burmeseclassic.com

www.burmeseclassic.com



"မကျော့်ရယ် နင်ရောက်လာတာမကြာသေးဘူး ... နင်ကတော့ ယှလိုက်တာ ... ကန္တာရပွဲလာကြည့်တဲ့ကောင်လေးတွေဆို နင့်ဆီမှာ မျက်လုံးဝဲနေတာပဲ ... "

"ဟယ် ... ဟုတ်လို့လား"

ကျော့်မိုး ရင်တုန်သွားတယ် ... သူက သူ့ကိုယ်သူ မိန်းမ တစ်ယောက်ရဲ့ဘဝကို ခံယူသွားတယ်မလား ...

"အဟုတ်ပြောတာ ... နင်တောမှာနေတုန်းက ပါးကွက်ကျား နဲ့ပုံက အခုပုံယှဉ်ကြည့်ပါဦး ... အသားအရည်ကလည်း အရင်လိုမွဲ ခြောက်ခြောက်မှ မဟုတ်တာ ... ဝင်းဝါပြီးစိုနေတာပဲ သွားတတ်လေးပါ တော့ နင်ကပိုလှတာပေါ့ ... ဟယ်"

"မိုးမိုးနော် နင်ပြောတာနဲ့တင် ငါရှက်လာပြီ"

"အဟုတ်ပြောတာ ... မကျော့်ရဲ့ မာမီစိုးကတောင် ဟိုတစ်ညက နင်စျေးသွားနေတုန်းပြောသေးတယ်"

"ဘာပြောတာလဲ"

ကျော့်မိုးက အလျှင်အမြန် မိုးမိုးကိုမေးလိုက်တယ်။

မိုးမိုးက ကျော့်မိုးပေါင်ကိုလှမ်းပုတ်လျက် ...

"နင်တော်ကြောင်း ပြောတာပါဟဲ့ ... မကျော့်က အကလည်း ကောင်းတယ် ... အမူအရာလည်းကောင်းတယ် ... စည်းကမ်းလည်း ကောင်းတယ်တဲ့ ... သင်ရလည်းလွယ်တယ်လို့ပြောတယ် ...

သိပ်မကြာခင် သူ့အားကိုးရမှာလို့လဲ ပြောတယ်"

"ဟယ် ... မာမီစိုးက အဲလိုပြောလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် ... နောက်တစ်ပွဲကရင် နင့်ကိုအမေနတ်ကရိုင်းမယ်တော်ပင့်ခိုင်းမယ်လို့ ပြောတယ်"

"ဟင် ... "

ကျော်မိုး တစ်ကိုယ်လုံး ကြက်သီးတွေထသွားတယ် ရင်ထဲလည်း လှုပ်ခနဲ လှုပ်ခနဲဖြစ်သွားတယ် ...

အမေနတ်ကရိုင်းမယ်တော် ...

မေတ္တာရှင်ကျွဲနတ်ကြီး ...

သူ့သား မင်္ဂလာဆောင်ဖို့ သူ့ခေါင်းကို ဓားထင်ကာ ပြတ်စေခဲ့တဲ့သူ အမေကျွဲနတ်ဝင်တာကို မြင်တာနှင့် ကျော်မိုးရင်ထဲဝမ်းနည်းလို့ လာလေ့ရှိတယ် ...

အခု မာမီစိုးက သူ့ကိုအမေကျွဲနတ်ကဖို့ တာဝန်ပေးတော့မယ် တဲ့လေ ...

"ဟဲ့ ... မကျော် နင်ဘာဖြစ်နေတာလဲ ... အမေကျွဲနတ် နင်မကချင်လို့လား ... "

"ဟင် ... "

မျက်ရည်တွေဝဲ၍ အမေကျွဲနတ်အကြောင်း စဉ်းစားနေတဲ့ ကျော်မိုး တစ်ယောက် မိုးမိုးပြောမှ သတိဝင်လာတယ် ...

"နင် ဘာမေးတာလဲ မိုးမိုး ... "

"နင် အမေကျွဲနတ် မကချင်လို့လားလို့ ... "

"မကချင်လို့ ဘယ်ဟုတ်မလဲ ... မိုးမိုးရယ် အမေ့ဘဝနဲ့ ငါ့ဘဝက တစ်ဆက်တည်းဆက်စပ်နေတာပါ ...



www.burmeseclassic.com

www.burmeseclassic.com



ငါကိုယ်တိုင် ငယ်ငယ်တည်းက ကျွန်နို့စို့ပြီးကြီးလာတာလေ"

"ဩော် ... "

မိုးမိုးက ကျော်မိုးကို တအံ့တဩ ကြည့်လို့သာ နေလေတော့တယ်လေ ...

ဂ၀ဂ



www.burmeseclassic.com

www.burmeseclassic.com

ကျော်မိုးတစ်ယောက် အမေကျွဲနတ်ဝင်တော့ အားလုံးက တအံ့တသြဖြစ်ကြတယ် ... ရွာစား စိန်မောင်တင်ဆိုင်းဝိုင်းက တီးတဲ့တီးကွက်တွေ အဆိုအငို မမော်စိန်ဆိုတဲ့ အဆိုတော်ရဲ့ အပြောအငိုတွေနဲ့ တစ်ထပ်တည်းညီစွာ ကတဲ့ ကျော်မိုးကို ကန္တားထဲအတူကတဲ့သူတွေမဆိုထားနှင့် ကန္တားစီးမာမီစိုးကပါ ချီးကျူးတယ် ...

"မကျော် ငါနတ်ကလာတာ နှစ်နှစ်ဆယ်ကျော်ပြီ ... နင့်လို မြန်မြန်ဆန်ဆန် လှလှပပကတတ်တဲ့လူမတွေ့သေးဘူး ... အေး နင်တစ်နေ့ ငါ့နေရာရလာမှာ သေချာတယ် ... နင့်ကို ဒီနေ့ကစပြီး ငါလက်ထောက်အဖြစ်ထားမယ် ..."

"ဟင်"

ကျော်မိုးအံ့သြသွားတယ် ... ကန္တားစီးလက်ထောက်ဆိုတာ အရှိန်အဝါနည်းတာမဟုတ် ... နတ်ကတဲ့ အဖွဲ့ထဲမှာ ခေါင်းဆောင်ပြီးရင် အာဏာအရှိဆုံးသူ ...



www.burmeseclassic.com

www.burmeseclassic.com


သူ့ကိုလာခေါ်သည့် မင်းမင်းဆိုသည့် မိန်းမလျှာက သူ့ကိုယ်သူ ကန္တာရစီးလက်ထောက်ဟု ပြောပေမယ့် တကယ်တမ်းကြတော့ သူ့လို ကိုယ်လိုပင် ...

မောင်မောင်စိုး နတ်ကန္တာရစီးတစ်ဖွဲ့လုံးကို ဦးစီးဦးဆောင်လုပ်တာ မာမီစိုး။

ကန္တာရကရတာလည်း နယ်စုံ တစ်ပွဲပြီးတစ်ပွဲ ...

ကျော်မိုးကို မာမီစိုးလက်ထောက်ခန့်လိုက်တာ မှန်သည်ဟုဆိုရမည် ... အစစအရာရာ မာမီစိုးအားကိုးရတယ် ...

မောင်မောင်စိုး နတ်ကတဲ့ အဖွဲ့တွင် ကျော်မိုးရဲ့နာမည် တဖြည်းဖြည်းရလာတယ် ...

ကျော်မိုး အမေနတ်ကရိုင်းမယ်တော်ကလျှင် ကြည့်နေသူ အပေါင်း မျက်ရည်မဆည်နိုင်ကြ ...

ယုံကြည်သူအပေါင်းရဲ့ အလှူငွေများကလည်း ကျွဲခေါင်းကြီးရဲ့ ဦးချိုမှာ အထပ်လိုက်ကိုပြည့်နေတယ် ... တစ်ပွဲထက်တစ်ပွဲ ကျော်မိုးရဲ့ နတ်ကတာအောင်မြင်လာတော့ မာမီစိုးပေးတဲ့ငွေလည်းများလာတယ်။

အဲဒီအခါမှာ ကျော်မိုးက အဝတ်အစား မိတ်ကပ်စတာတွေကို ကောင်းပေ့ဆိုတာတွေကို ဝယ်ဝတ်ပေမယ့် ရောက်တဲ့မြို့တိုင်းက တန်ခိုးကြီးဘုရားတွေမှာ အမေနတ်ကရိုင်းမယ်တော်အမည်နှင့်အလှူငွေကို ရက်ရက်ရောရော လှူတယ် ...

ဝါတွင်းဆို သူတို့နတ်မကရဘူး ... အဲဒီအားတဲ့အချိန်မှာ မာမီစိုး အိမ်ကြီးမှာ စားကြသောက်ကြနဲ့နေကြတယ် ...

---


www.burmeseclassic.com

www.burmeseclassic.com



နတ်ကတော့ အဖွဲ့တွေထဲက မိန်းမလျာတွေအားလုံးလိုလိုက လုပ်အားခရကြတာမဟုတ်ဘူး ... တစ်ပွဲဘယ်လောက်လို့လည်း သတ်မှတ်မထားဘူး ... မာမီစိုးပေးတာယူ ကျွေးတာစား ဝယ်ပေးတာဝတ် ဒါပဲ။

မနေချင်လည်းရတယ် ထွက်သွား ... နောက်ထပ် မိန်းမလျာတွေရောက်လာဦးမှာပဲ ...

မိန်းမလျာတွေတော်တော်များများဟာ နတ်ကတော့အဖွဲ့ထဲပါချင်သူတွေမနည်းမနော ... မာမီစိုးကိုတောင် သေလောက်အောင်ကြောက်ကြတာ တော်ရုံကိစ္စဆို လက်ထောက်ကိုပဲပြောရတယ် ...

ကျော်မိုးကမှတစ်ဆင့် မာမီစိုးကိုပြောတာ ...

ကျော်မိုးကလက်ထောက်ဆိုတော့ငွေရတယ် ... မာမီစိုးကလည်း ရက်ရက်ရောရောပေးတယ် ...

"ငါ နင့်ကိုစေတနာရှိတယ် မကျော် ... နင်က အလုပ်ကိုလေးစားတယ် ... အလျှုအတန်းရက်ရောတယ် ... လိုအပ်တာထက်မပိုဘူး ... မိန်းမလျာတွေဟာ မိန်းမအစစ်ထက် အပေါက်အစပ်များတယ်၊

ထိန်းရသိမ်းရလည်းခက်တယ် ... နင်က အားလုံးကိုမေတ္တာစေတနာနဲ့ အုပ်ချုပ်တော့ ငြိမ်ကြတယ် ... အရင်လက်ထောက်တွေတုန်းကဆို ဟိုကတစ်မျိုး ဒီကတစ်မျိုး သူတို့ကိုယ်တိုင်က ခပ်ကဲကဲတွေမလား ...

ငါက အတိတ်ဘဝမစင်ကြယ်လို့ အခုဘဝမှာ မိန်းမလျာဖြစ်ရတာ ... အခုဘဝမှာ အကောင်းဆုံးဖြစ်အောင်နေမယ် စိတ်ပကူးဘူး အမျိုးစုံ အပေါက်အစပ်များကြတာ ...



www.burmeseclassic.com

www.burmeseclassic.com



ကျော်မိုး ငါလည်း တဖြည်းဖြည်း အသက်ကြီးလာပြီ ... နောင်နှစ်နှစ်လောက်ဆို ရာသက်ပန်တရားစခန်းဝင်တော့မှာ ... အဲဒီအခါမှာ ဒီအဖွဲ့ကို နင်ပဲဦးဆောင်ရမှာ ... ငါ့ဆီက နတ်ကတဲ့ ပညာတွေ အကုန်နင်သင်ထား ... ”

“ဟုတ်ကဲ့ ... ”

မာမီစိုးပြောတာကို ကျော်မိုး ခေါင်းညိတ်တယ် ... မာမီစိုးက ကန္တာရစီးသာလုပ်တာ ဘွဲ့ရပညာတတ်တစ်ယောက် သူ့ညီအစ်ကို မောင်နှမတွေကလည်း အရာရှိကြီးတွေ ...

သူမိန်းမလျာဖြစ်လို့ အားလုံးကအဆက်ဖြတ်ထားကြတာ မိဘဆီကလည်း ဘာအမွေမှလည်းမရဘူး ...

ကိုယ့်ဘာသာ ရှန်းကန်ပြီး ကန္တာရအဖွဲ့ကိုထူထောင်တာလေ သုံးနှစ်တစ်ခါ ရပာန်းစီးသလို သိမ်၊ ကျောင်း၊ ဇရပ်စတာတွေကို ရက်ရက်ရောရောလှူတယ် ...

လှူတိုင်းတည်း သူ့နာမည်နဲ့မဟုတ်ဘူး ... ‘သုံးဆယ့်ခုနစ်မင်းနတ်များကောင်းမှု’ ဆိုပြီး လှူတာ ... ဘာသာတရားလည်း တအားလုပ်တယ် ... သူနတ်ပွဲကရတာ ဖာတ့်ပွဲကရသလိုကိုရတာ နားရက်ကို မရှိဘူး ...

မောင်မောင်စိုး နတ်အဖွဲ့နဲ့ နတ်ချော့မှ စီးပွားရေးအဆင်ပြေမယ်လို့ ယုံကြည်သူတွေ အများကြီး ...

ဒီတော့ ...

သူပြောတိုင်းဖြစ် လုပ်တိုင်းဖြစ်နေတော့တာပေါ့ ...



www.burmeseclassic.com

www.burmeseclassic.com



နတ်ကတော်လောကမှာလည်း မာမီစိုးပေါ့ဆို မသိသူမရှိသလို မလေးစားသူမရှိ ...

အခုတော့ ...

မာမီစိုးလိုပဲ သတင်းထွက်လာသူက သူ့လက်ထောက်ကျော်မိုး ဒါမှမဟုတ် မကျော် ဖြစ်နေလေတော့တယ် ...

ဝိဝိဝိ



www.burmeseclassic.com

www.burmeseclassic.com

# ကျွဲတွေကြားမှာ အနှီးထုပ်လေးနဲ့ ကလေးအား

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၁၀)

# ကွင်းထဲကကျွဲတွေ

"ဟဲ့ ... နင် ... နင် ဘယ်သူလဲ"

သူ့ရှေ့မှာ ပြုံး၍ရပ်နေတဲ့ နုပျိုတက်ကြွတဲ့ အလှပိုင်ရှင် မိန်းမချောလေးတစ်ယောက် မြင်တော့ တအံ့တသြနဲ့ မအေးမေ မေးလိုက်သည်။

အသားအရည်က ဝင်းဝါနေသလို မျက်နှာကလည်း ကြွေရုပ်လေးလိုပါပဲ ... မအေးမေကို ကြည့်နေတာကလည်း ပြုံးပြုံးလေး ...

"ဒီအိမ်မှာ အဒေါ်တစ်ယောက်ထဲနေတာကွယ့် ... ဘယ်သူ့ကို တွေ့ချင်တာလဲ ... "

"အဒေါ့်ကိုပဲ ... "

"ဟင်"

မအေးမေ အံ့ဩသွားတယ် ... ကောင်မလေးက သူ့ကိုတွေ့ချင်တာဆိုတော့ ...

"ဘာကိစ္စလဲ ကွယ် ... "

www.burmeseclassic.com

www.burmeseclassic.com



"ဒေါ်လေး ကျွန်တော် ကျော်မိုးလေ ကျော်မိုး ... "

"ဟင်"

မအေးမေ သူ့မျက်လုံးကိုလက်နဲ့ပွတ်လိုက်တယ် ... ပြီးတော့ သူ့ရှေ့က ကောင်မလေးကို ထပ်ကြည့်တယ် ... သူဘယ်လိုမှမယုံနိုင်ဘူး။

"မဖြစ်နိုင်ပါဘူး ... "

"ဒေါ်လေး ကျွန်တော်ကျော်မိုးဆိုတာ ဘာလို့မယုံနိုင်တာလဲ ဒေါ်လေးကိုသတိရလို့ ရွာခဏပြန်လာတာလေ ... "

"ဟင်"

ခေါင်းကလေးတခါခါနဲ့ ပြောနေတဲ့ မိန်းကလေးရဲ့ ဟန်အမူအရာက ကြည့်နေရင်း သူ့တူကျော်မိုးရဲ့ မျက်နှာပုံစံဖမ်းမိလာတယ်။

"ဒေါ်လေး နေကောင်းတယ်မလား ... "

"ကျော်မိုး သားရယ် ... ဘယ်တွေသွားနေတာလဲ ... ဒေါ်လေးမှာ စိတ်ပူလိုက်ရတာ ... ဘယ်ရှာလို့ရှာရမှန်းမသိ ဖြစ်နေတာ"

ငါးနှစ်ကျော်လောက် ပျောက်နေတဲ့ တူကိုပြန်တွေ့တော့ မအေးမေရဲ့ မျက်လုံးထဲမှာ မျက်ရည်တွေရစ်ဝဲနေတယ် ...

"ကျွန်တော် နတ်ကန္တားကတဲ့ အဖွဲ့နဲ့လိုက်သွားတာဒေါ်လေး ရဲ့ ... အခုကန္တားစီး မောင်မောင်ကျော် ဖြစ်နေပြီ"

"ဟင် ... တကယ်"

မအေးမေက တအံ့တဩမေးတယ် ...

"တကယ်ပြောတာ ရော့ ဒီမှာ ... ဒေါ်လေးအတွက် အဝတ် အစားတွေ စားစရာတွေ အများကြီးပါတယ် ... "

www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ်ကွယ် ... ဒေါ်လေးက အသက်ကြီးပါပြီ ... ဒါတွေ မလိုပါဘူး ... ငါ့တူလေးသာမတွေ့ခဲ့ရင် ဒီမှာရှိတဲ့ပစ္စည်းတွေ ဘယ်သူ့ကိုပေးရမှန်းမသိတော့ပါဘူး"

"ဒေါ်လေးရယ် ... ပစ္စည်းတွေက သေရင်ကိုယ့်နောက်ပါမှာမှ မဟုတ်တာ ... လှူတန်တာလှူ စားတန်တာစားပေါ့ ... "

ကျော်မိုးက သူ့အဒေါ်မအေးမေအကြောင်းသိတယ် ... သူ့အဒေါ် အပျိုကြီးက ဘယ်အရာမဆို မသုံးရက် မစားရက် ချို့ချို့ငဲ့ငဲ့နေတယ် မလား ...

"လှူတာတော့ လှူပါတယ် ... ရွာမှာ နွေဆိုရေကသိပ်ရှား လာပြီတော့ ... ကန်တူးဖို့တောင် အလှူငွေထည့်ထားသေးတယ် ...

ကန်ကတူးသာတူးနေတာပါ ငွေကြေးမလုံလောက်တော့ ပြီးကို မပြီးဘူး ...

"ဟာင်"

ကျော်မိုး ငိုင်ကျသွားတယ် ... သူတို့ရွာလေးက ဆောင်းနှင့် နွေဆို ရေကတအားရှားတယ်မလား ...

ကျော်မိုးခေါင်းထဲ အကြံတစ်ချက်ပေါ်သွားပြီး ...

"ဒေါ်လေး ရေကန်ပြီးအောင် ကျွန်တော်တို့ လှူလိုက်ရအောင်"

"ကျော်မိုးရယ် ရေကန်တစ်ကန်ပြီးအောင် တူးတာကုန်ကျငွေ မနည်းဘူး ... "

"ကျွန်တော်တို့မှာ ပစ္စည်းတွေရှိတာပဲ ထုခွဲရောင်းချမှာပေါ့ ရေကန်ပြီးဖို့ကအရေးကြီးပါတယ် ... ကျွန်တော်လှူချင်တယ် ... "



www.burmeseclassic.com

ကျော်မိုးက သူ့ခေါင်းလေး မအေးမေကို ပူဆာတော့တယ် ...

"ကျော်မိုးရယ် ဒီပစ္စည်းတွေက နင့်နောင်ရေးအတွက်လေ"

"ကျွန်တော့်အတွက် မပူပါနဲ့ ... ကျွန်တော့်ဆရာ ကန္တာရစီး မောင်မောင်စိုးက အလုပ်ရော မြို့မှာရှိတဲ့ သူ့အိမ်ပါ ... ကျွန်တော့်ကို အပြီးပေးထားတာ ရွာအတွက်တကယ်လိုတာကိုသာလှူလိုက်ပါ"

ကျော်မိုးက တိုက်တိုက်တွန်းတွန်းပြောတော့ မအေးမေ ခေါင်းညိတ်လိုက်ရတယ် ...

ထိုသို့ဖြင့် ... ရွာမှာသိပ်မကြာခင်ပဲ ရေကန်ကြီးတစ်ကန်ဖြစ်လာတော့တယ် ရွာသူရွာသားတွေကလည်း ဝမ်းသာမဆုံးဘူး ...

အလှူအတန်းကို အရမ်းရက်ရောတဲ့ ကျော်မိုးကိုလည်းချီးကျူးကြတယ် ...

"ကျော်မိုးပြန်လာလို့သာ တို့ရွာလည်း ရေကန်ဖြစ်တော့တယ်ပေါ့ ..."

"ဟုတ်တယ် ... နွေဆို ရေကို ပန်းပင်ကုန်းရွာထိလှည်းနဲ့သွားခပ်ရတဲ့ ဒုက္ခကအေးပြီပေါ့"

"အေး ... ဟုတ်တယ် ကျော်မိုးက မိန်းမလျာဖြစ်ပေမယ့် အလှူဒါနကတော့ ရက်ရောလွန်းပါတယ် ... သာဓု သာဓုပါ"

တစ်ယောက်တစ်ပေါက် ချီးကျူးသံတွေကြားရတော့ ကျော်မိုးရင်ထဲ ပီတိလှိုင်းဂယက်တို့ ထလို့နေလေတော့သည်။

ဝိဝိဝိ

www.burmeseclassic.com

ကျော်မိုးက ရွာမှာတစ်လလောက်ပဲနေနိုင်တယ် ... မြို့မှာက အလုပ်တွေရှိသေးတယ်မလား ...

"ဒေါ်လေး မနက်ဖြန် ကျွန်တော်မြို့ပြန်တော့မယ် လိုက်နိုင် မယ်ဆို ဒေါ်လေးလိုက်ခဲ့ပါလား ... "

"ကျော်မိုးရယ် ... မလိုက်ပါရစေနဲ့ မြို့မှာလည်း နေတတ်မှာ မဟုတ်ပါဘူး ... ဒီရွာမှာပဲ ခေါင်းချပါရစေ ... "

ကျော်မိုးက ဘယ်လိုခေါ်ခေါ် မအေးမေကမလိုက် ရွာမှာပဲနေ မယ်လို့ပြောနေတော့ ...

"ဒေါ်လေး မလိုက်ချင်လည်းနေခဲ့ ကျွန်တော်နေတဲ့လိပ်စာပေး ခဲ့မယ် ... အကြောင်းရှိရင် လူကြုံနဲ့သာပြောခိုင်း"

"သားရယ် ရွာမှာလည်း မပူမပင်ရနဲ့ တစ်သက်လုံးနေနိုင်ပါရဲ့နဲ့ ဘာလို့ မြို့ပြန်ချင်ရတာလဲ ဒေါ်လေးသာသေသွားရင် လယ်တွေ နွားတွေ ဘယ်လိုလုပ်မလဲ ... "



www.burmeseclassic.com

www.burmeseclassic.com



"ရွာကျောင်းကို လှူလိုက်တာပေါ့ ... ဒေါ်လေးရယ် ... ပူမနေနဲ့ မသေခင်ကောင်းကောင်းသာစား ... "

ကျော်မိုးကပြော၍ မြို့ပြန်ဖို့အဝတ်အစားတွေထည့်နေတယ် မအေးမေက ရွှေတချို့ကိုပေးတာတောင် မယူဘူး ...

"ကျွန်တော့်အတွက် မလိုပါဘူး ဒေါ်လေးရယ်"

မိဘလက်ထက်က ပစ္စည်းဆို၍ ဘာတစ်ခုမှမယူ သူပိုင် အဝတ်အစားများကိုသာယူ၍ နောက်တစ်ရက်မှာ ရွာကထွက်လာတယ် မြို့ကိုသွားတော့ အိမ်က စာရင်းငှားဖိုးထောင်က လှည်းနဲ့လိုက်ပို့ပေးတယ် ...

မနက်လေးနာရီလောက် လှည်းထမောင်းရင်မြို့ရောက်ရင် နေ့လည်လောက်မှ ရောက်တာ ...

လမ်းမှာလည်း ရွာတွေ လယ်တွေ ဖြတ်ရသေးတာ ... ကျော်မိုးက လှည်းစီးရင်း ဖိုးထောင်အား ...

"ဟဲ့ ဖိုးထောင် ငါ့ဒေါ်လေးကို ဂရုစိုက်ကြားလား"

"အေးပါ ... ဒေါ်လေး ဘာခိုင်းခိုင်း ... ငါလုပ်ပေးပါတယ်"

"အေးဟာ ... ငါလည်းမြို့မှာ ငါဝါသနာပါတဲ့အလုပ်လုပ်နေတော့ ရွာမပြန်နိုင်ဘူး ... ဒေါ်လေးက ငါ့ခေါ်လည်းမလိုက်ဘူး"

စကားတပြောပြောနှင့် လာကြရာ လယ်ကွင်းတွေဖြတ်ရင်း တစ်နေရာအရောက်မှာတော့ ...

"ဟင်"

မြင်လိုက်ရတဲ့ မြင်ကွင်းက ကျော်မိုးရင်ထဲထိတ်ခနဲဖြစ်သွားတယ်



www.burmeseclassic.com

www.burmeseclassic.com



"ဖိုးထောင် လှည်း ... လှည်းရပ်စမ်း"

"ဟင် ... ဘာလို့လဲ"

"ရပ်ဆို ... ရပ်"

ကျော်မိုးကြည့်နေရာ ခပ်လှမ်းလှမ်းမှာတော့ ကျွဲအုပ်ကြီး–

"ဘာလို့လဲ ကျော်မိုး ... "

"ဖိုးထောင် ကျွဲအုပ်အလယ်ကိုကြည့်စမ်း ... သေသေချာချာ ကြည့် ... "

ကျော်မိုးပြရာကို ဖိုးထောင်လိုက်ကြည့်တော့ အလွန် အံ့ဩသွားတယ် ...

"က ... ကလေးလေး တောင်းထဲမှာ ... "

"အေး ... "

ပက်လက်တောင်းထဲတွင် ပုဆိုးအနီးလေးနှင့် ထုပ်ထားတဲ့ ကလေးငယ်တစ်ယောက် ကျွဲများက ထိုကလေးအနီးမှာ ရန်မူတဲ့ပုံစံတော့ မဟုတ် ...

စောင့်ရှောက်ထားတဲ့ပုံ ...

"ကွင်းထဲတွင် ဘယ်သူလာပစ်ထားတာလည်းမသိဘူး ... ဖိုးထောင်သွားယူစမ်း ... "

"အေး ... "

ဖိုးထောင်ကလှည်းပေါ်မှ သွက်လက်စွာဆင်း၍သွားယူလေရာ ကျွဲအုပ်ကြီးအနားအရောက် ...

"ဟဲ့ ... ကျွဲ ... သွား ... ဖောက် ... သွား"



www.burmeseclassic.com

www.burmeseclassic.com



ဖိုးထောင်က ကျွဲများကိုမောင်းလေရာ ...

"ရှူး ... ဖူး ... "

ကျွဲများကာမပြေးတဲ့အပြင် ဖိုးထောင်အားရန်လိုစွာ နှာမှုတ်ကြပြီး ခေါင်းငုံ့၍ ဦးချိုဖြင့်ခတ်မည်ပြုသဖြင့် လှည်းဆီအလျင်အမြန်ပြန်ပြေး လာရသည်။

"မလွယ်ဘူး ... ကျော်မိုး ကျွဲတွေက တကယ်ခတ်မှာ"

"နင်နေ ငါသွားခေါ်မယ် ... "

"အန္တရာယ်ရှိတယ်နော် ... ကျော်မိုး၊ ကျွဲတွေက အနားကပ် ခံပုံမရဘူး ... "

"ငါသိတယ် ... "

ကျော်မိုးက လက်အုပ်ချီ၍ အမေနတ်ကရိုင်းမယ်တော်အား တိုင်တည်လိုက်သည်။

"အမေ ... ကျွန်တော်မျိုးမ ဤကျွဲတွေကြားမှာရှိသော ကလေး အား အန္တရာယ်မဖြစ်စေလိုပါ ... အန္တရာယ်ကြားက ကယ်တင်လိုပါတယ်၊ သို့ပါ၍ ကလေးဘေးဘက်တွင် ဝိုင်းနေသော ကျွဲများအား ဖယ်ရှားပေး ပါ"

ကျော်မိုးက တိုင်တည်ပြီးနောက် လှည်းပေါ်မှဆင်းပြီး ကျွဲအုပ် နားကပ်သွားရာ ကျွဲများက ကျော်မိုးလျှောက်လာတာကြည့်၍ လမ်းရှင်း ပေး၏။

တစ်စုံတစ်ရာ အန္တရာယ်လည်းမပြုပါ ...

"ဟင် ... "



www.burmeseclassic.com

www.burmeseclassic.com



တောင်းထဲမှကလေးက ချစ်စရာ ဖြူဖြူဝဝတုတ်တုတ်လေး ကျော့မိုးရင်ထဲ မေတ္တာတွေ ပြည့်လာကာ ကလေးကိုပွေ့ချီလျက် လှည်းစီ ပြန်လျှောက်လာတယ် ...

ကျွဲအုပ်ကတော့ ငြိမ်သက်လျက် ...

ဂုဂုဂု



www.burmeseclassic.com

www.burmeseclassic.com

# ကျွန်မသားလို့ပြောတော့

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)
# ကလေးဖွေးတဲ့ မိန်းမလျှာ

"မမကျော့် ကလေးတစ်ယောက် ရှာပြန်မွေးတယ်ဟေ့"

ဆိုသို့ဖြင့် နတ်ကတော်လောကမှာ ပြောတိုင်းစိတ်မဆိုးတဲ့အပြင် ကျော်မိုး ရင်ထဲပီတိဖြစ်ရတယ်။

"ငါ့သားလေးက ချစ်ဖို့ကောင်းလိုက်တာ ... အမေချစ်လို့ တောင်မဝပါဘူး ... "

ဖြူဖွေးဝတုတ်နေသော သားလေးကိုကြည့်၍ ကျော်မိုးရင်ထဲက စိမ့်စိမ့်ကြည်နူးမိသည်။

"မမကျော့် နတ်ပွဲတွေလိုက်ကရင် သားလေးကို ဘယ်လိုလုပ်မလဲ"

"ခေါ်သွားမှာပေါ့ ... ဟဲ့"

"ခေါ်သွားရင်နတ်ကတော့ ဘယ်လိုလုပ်မလဲ"

ဒါဒါဆိုသည့် မိန်းမလျှာကပြောတော့ ကျော်မိုးက ကလေးကို ပွေ့ထားရင်းမှ ...



www.burmeseclassic.com

www.burmeseclassic.com



"ငါ့သားအတွက် ကလေးထိန်းထားမယ် ... အကောင်းစား နို့မှုန့်တိုက်မယ် ... မိန်းမလျှာလောကမှာ ကလေးမွေးနိုင်တာ ငါတစ်ယောက်ပဲရှိတယ် ... ဟဲ့"

"ဟုတ်ပါတယ် မမကျော့် ... ဒါပေမယ့် ကလေးက မမကျော့်အတွက် အခက်အခဲဖြစ်မှာစိုးလို့ လူငှားနဲ့အိမ်မှာထားခဲ့လည်းရပါတယ်"

ဒါဒါက အဲလိုပြောတော့ ကျော့်မိုး မျက်နှာမဲ့လိုက်တယ် ...

"ဒီမယ် ဒါဒါ ငါ့သားကိုငါခွဲမထားဘူး ... ထားလည်းမထားခဲ့နိုင်ဘူး ... ငါသွားလေရာခေါ်သွားမှာ ... "

"အဲလိုဆို ကလေးကြီးလာရင် မမကျော့်တို့ ဒါဒါတို့လို ... "

"ဘာ ..."

ကျော့်မိုးရဲ့အသံက ကျယ်လောင်စွာထွက်လာတယ် ... မျက်နှာကလည်း နီရဲလက်ထန်လာပြီး ...

"ဒီမယ် ဒါဒါ ... ငါ့သားဟာ ဘယ်တော့မှ မိန်းမလျှာမဖြစ်ရဘူး ... ဟဲ့၊ ယောကျ်ားပီပီသသ ဖြစ်ရမယ် ... ပညာတက်ဖြစ်ရမယ် နတ်ကတော် မိန်းမလျှာရဲ့သားမို့ မိန်းမလျှာအဖြစ်မခံဘူး"

"ဟုတ် ... ဟုတ်ကဲ့"

ကျော့်မိုးရဲ့ ကြွေးဝါးပုံကိုကြည့်ပြီး ဒါဒါကြောက်လာတယ် ... ခေါင်းလေးကို အသာညိတ်ပြီး အနားကထသွားတယ် ...

"အမေ့သားနော် အခြောက်တွေနဲ့ ရောရောမနေရဘူး ... အခြောက်ဘဝကိုအားမကျရဘူး ... ယောကျ်ားပီသရမယ်နော် ... အဲ သားလေးက အမေ့ကိုပြုံးပြတယ် ... ဟား ... ဟား အမေပြောထား



www.burmeseclassic.com

www.burmeseclassic.com


နားလည်တယ်ပေါ့ ... အမေ့သားလေး ချစ်စရာကောင်းလိုက်တာ"

ကျော်မိုးက ကလေးကိုပွေ့ရင်း အားရပါးရပြောလိုက်တယ် ကလေးနဲ့ပတ်သက်ရင် ကျော်မိုးတစ်ယောက် သည်းလွန်းလှတယ် ...

ကလေးထိန်းဒေါ်မြင့်မှလွဲ၍ ကျန်လူများ ကလေးကိုချစ်၍ကိုင် ရင်တောင် မကြိုက် ...

"ဟဲ့ ... နင်တို့လက်တွေ ဘာတွေကိုင်ထားတာလဲ ... စွတ် ရွတ်ပြီးမကိုင်နဲ့ လက်ဆေးပြီးကိုင်"

"မမကျော်ကလည်း ချစ်လို့ပါ ... "

"အို ... ညည်းတို့ မချစ်လည်း ဘာမှမဖြစ်ဘူး ငါ့သားက ငါတစ်ယောက်ထဲချစ်တာနဲ့တင် လုံလောက်တယ် ... "

"ဟင် ... "

ရှေ့တင်မှာတော့ ကျော်မိုးရဲ့အရှိန်အဝါကြောင့် ဘာမှမပြောကြ ပေမယ့် နောက်ကွယ်မှာတော့ ...

"အဖြစ်ကိုသည်းတယ် ... ဘယ်သူမွေးမှန်းမသိတဲ့ ကလေးကို ဖြစ်နေလိုက်တာ ... ကိုယ်တိုင်သာမွေးထားရင် ငါတို့နေစရာတောင်ရှိ မှာမဟုတ်ဘူး ..."

"ကိုယ်တိုင် ဘယ်မွေးရမှာလဲ ... သူက ယောကျ်ားကြီးပဲ"

"အေးဟဲ့ ... သူ့ ကလေးငိုရင် အင်္ကျီတမမနဲ့ နို့တိုက်ချင်လိုက် တာမပြောနဲ့ ငါကြည့်ရင်းရယ်ချင်လာတယ် ဟိ ဟိ အပိုတွေနော်"

"ဟဲ့ ... တိုး ... တိုး ဟိုကကြားသွားမှ ငါတို့ထွက်ပြေးနေရဦး မယ်"



www.burmeseclassic.com

www.burmeseclassic.com


မိန်းမလျှာတွေစုပြီး အတင်းပြောတိုင်း ကန္တာားစီး မောင်မောင်ကျော်ခေါ် ကျော်မိုး ကလေးသည်းပုံကမပါမဖြစ် ...

"ကလေးကချစ်စရာကောင်းလို့ တို့ကလည်းချစ်တာပါ အကိုင်မခံတော့ နေပေါ့ဟယ် ... "

"ကလေးသာအကိုင်မခံတာ ကလေးအီးခွက်တော့ သွန်နိုင်းတယ်မလား ... "

"ဟဲ ... ဟဲ လုပ်ပေးရတာပေါ့ ငါတို့ရပ်တည်ဖို့က သူ့စကားတစ်ခွန်းပဲမလား ... သူနှင်ထုတ်လိုက်ရင် ထွက်သွားရမှာလေ ... "

"ဟုတ်တယ် ... ဟုတ်တယ်"

ကျော်မိုးအဖွဲ့ထဲက နတ်ကတော် မိန်းမလျှာတွေကလည်း သူတို့ဘဝကိုသူတို့သိသည်လေ ...

ကျော်မိုးထားရာနေ စေရာသွား ပေးတာယူ ဘဝတွေဆိုတော့ ကျော်မိုးကို မလွန်ဆန်ရဲသလို ကျော်မိုးရဲ့သား ထက်မာန်ချိုဘာလုပ်လုပ် မချိုသွားဖြလို့သာ နေရတော့တယ် ...

ဂ ဂ ဂ


www.burmeseclassic.com

www.burmeseclassic.com

"ငွမ်း"

ထက်မာန်ချီတစ်ယောက် နှစ်နှစ်သားအရွယ်ရောက်ပြီး လမ်းလျှောက်စအရွယ်ဆိုတော့ ဟိုဆွဲဒီဆွဲ ရှိုးကေ့(စ်)ထဲက ပန်းကန် အထပ်လိုက်ဆွဲချလိုက်လို့ ကျကွဲသွားတယ် ...

"ဝါး"

ပန်းကန်ပြားများကျကွဲသံကြောင့် ကလေးကကြောက်ကြောက်နဲ့ ထန့်ငိုတယ် ...

"ဟယ် ... သား ဘာဖြစ်တာလဲ"

"ဝါး ... "

အိမ်ရှေ့မှာ နက်ကပ္ပိလာငှားသူတွေနဲ့ စကားပြောနေတဲ့ ကျော်မိုးထ၍ အသံကြားရာထမင်းစားခန်းကိုပြေးလာတယ် ...

"ဟင် ... သား"

"ဝါး ... "

www.burmeseclassic.com

www.burmeseclassic.com



ပန်းကန်ပြားအကွဲတွေဘေးမှာ မတ်တတ်ရပ်ငိုနေတဲ့ ထက်မာန်ချိုကို ပွေ့ချီလိုက်ပြီး ...

"သား ... ဘယ်ထိသွားလဲ၊ အမေ့ကိုပြောစမ်း ... "

ကျော်မိုး တဆတ်ဆတ်ခါသွားတယ် ...

"ဝါး"

ကလေးက သည်းသည်းထန်ထန်ငိုဆဲပဲ ...

"ဒေါ်မြင့် ဘယ်မှာလဲ ... အငယ်လေးတို့ တင့်တင့်တို့လာကြစမ်း"

ကျယ်လောင်တဲ့ ကျော်မိုးအသံကြားတော့ ဒေါ်မြင့်လည်း ပြူးပြူးပြာပြာနဲ့ ရောက်လာသလို အငယ်လေး တင့်တင့်တို့ မိန်းမလျာတွေလည်း အပြေးရောက်လာတယ် ...

"ဒေါ်မြင့် ဘယ်သွားနေတာလဲ"

"အိမ်သာဝင်နေတာပါ ... "

"ဒီမှာ ကလေးက ပန်းကန်တွေဆွဲချတာ ကွဲကုန်ပြီ ... ပန်းကန်ကွဲတာအရေးမကြီးဘူး ကလေးထိသွားလားမသိဘူး"

ဒေါ်မြင့် မျက်နှာငယ်သွားတယ် ... ကျော်မိုးက အရာရာ သဘောကောင်းတယ် ... သို့သော် ...

ကလေးနဲ့ပတ်သက်ရင် မရ ...

"ဝါး ... "

ကလေးကငိုတာရပ်ကိုမရပ်တော့ ...

"နောက်မှာထားမယ် ... တခြားအရေးတကြီးကိစ္စရှိရင် ကလေးကို



www.burmeseclassic.com

www.burmeseclassic.com



တခြားတစ်ယောက်နဲ့အပ်ပြီးမှသွား တစ်ယောက်တည်းလွှတ်မထားနဲ့ – ''

''ဟုတ် ... ဟုတ်ကဲ့''

အငယ်လေးနဲ့တင့်တင့်ဆိုတဲ့ မိန်းမလျှာနှစ်ယောက်ကလည်း ကလေးကိုဝိုင်းချော့ကြတယ် ...

ခဏကြာတော့ ကလေးကအငိုရပ်သွားတယ် ...

''မမကျော် အိမ်ရှေ့မှာဧည့်သည်တွေရှိသေးတယ် ... ''

''အေး ... အေး သားခဏနေခဲ့ဦးနော် ... အမေ ဧည့်သည် တွေနဲ့ စကားပြောလိုက်ဦးမယ် ... ''

ကျော်မိုးက ကလေးကို ဒေါ်မြင့်လက်ထဲထည့်ပေးပေမယ့် ကလေးကမလိုက်ဘဲ သူ့ကပ်နေတယ် –

''သား နေခဲ့ဦး ... အမေ ဧည့်သည်တွေနဲ့ စကားပြောလိုက်ဦး မယ် ... ''

''ဟင့် ... ဟင့်''

ကလေးကမလိုက်တာကြောင့် ကျော်မိုးလည်းကလေးကိုချီကာ ထွက်လာတယ် ...

အိမ်ရှေ့ရောက်တော့ ဧည့်သည်တွေက –

''ကလေးက ဘယ်သူ့ကလေးလဲ ... မကျော် ... ''

''ကျွန်မသားလေ ... ''

ကျော်မိုးအဖြေကြောင့် အားလုံးကပြုံးစေ့စေ့ ကျော်မိုးကဘာကို မှ ဂရုမစိုက်ဘဲ ...

''ကျွန်မသားက ကျွန်မကိုသိပ်ချစ်တာ ... ကျွန်မကိုမြင်တာနဲ့



www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူ့နောက်မှ မလိုက်တော့ဘူး ... နတ်ပွဲရှိရင်တော့ ထားခဲ့ရတာပေါ့ နော် ... ပွဲပြီးတာနဲ့ ကျွန်မအံ့ပြေးပြန်လာရတာ ... ''

"ဟုတ်ကဲ့ ... ဟုတ်ကဲ့"

ကျော်မိုးပြောတာကို ဧည့်သည်တွေက ဘာရယ်မဟုတ်ခေါင်း ညိတ်လိုက်ကြတယ် ...

ရရရ



www.burmeseclassic.com

www.burmeseclassic.com

# အမေကျွဲနတ်ဆိုတာ

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)
# မေသလာနတ်သမီးရဲ့စိန်ခေါ်ပွဲ

"အမေ ... ဟို ကျွဲခေါင်းကြီးကဘာလုပ်တာလဲ ... ကိုယ်လုံးလည်းမပါဘူး"

နတ်စင်ပေါ်ရှိ နတ်ရုပ်များကိုကြည့်၍ ထက်မာန်ချိုကမေးတော့ ကျော့မိုးက ...

"အဲဒါ အမေနတ်ကရိုင်းမယ်တော် ... ကျွဲနတ်လေ ... သားရဲ့"

"ကျွဲနတ် ဟုတ်လား ... ကျွဲနတ်ဆိုတာ ... ဘာလဲ အမေ ... "

ထက်မာန်ချိုက ငါးနှစ်အရွယ်ကလေးတစ်ယောက်ဆိုတော့ အရာရာသိချင်လို့လာပြီ ...

"ဒီလိုသားရဲ့ ကျွဲနတ်မယ်တော်က သူ့ကိုယုံကြည်တဲ့လူတွေ ဆုတောင်းရင် စီးပွားရေးကောင်းတယ် ... အိုးပိုင်အိမ်ပိုင်နဲ့နေရတယ်ပေါ့ ...



www.burmeseclassic.com

www.burmeseclassic.com



အမေရဲ့ ရာဇဝင်ကကို ကြည်ညိုစရာကောင်းတယ်သားရဲ့ အမေက သားတစ်ယောက်ကိုမွေးတယ် ... ''

''ကျွဲလေးလား အမေ ... ''

''မဟုတ်ဘူး သားရဲ့ ... ရှင်ဘုရင်က သူ့ရဲ့ညီတော်ကို အမျက်တော်လှလို့ ထွက်ပြေးရာက ... ညီတော်ရဲ့ မိဖုရားမှာမွေးကင်းစ သားလေးရှိတယ် ...

ရဲမက်တွေလိုက်လို့ အသက်လုပြေးရင်း ကလေးလေးက တောထဲ ကျန်ခဲ့တော့ ကျွဲမကြီးက ကလေးကိုသူ့နို့တိုက်မွေးလိုက်တယ်''

ကျော်မိုးက သူသားနားလည်စေမည့် စကားလုံးတို့ကိုရွေးချယ် ကာပြောလေတယ် ...

''ကလေးက အသက်ရှင်လား အမေ ... ''

''ရှင်တာပေါ့ ... ကျွဲမကြီးက သူ့သားအရင်းလိုစောင့်ရှောက် တယ် .. လူနဲ့ တိရစ္ဆာန်မတူပေမယ့် မိခင်ဆိုတဲ့ မိဘမေတ္တာက ကြီးမားတော့ စောင့်ရှောက်လို့ရတာပေါ့ ... ကျွဲတွေကြားမှာ ကလေးလည်း အရွယ် ရောက်လာတယ် ...

ခွန်အားဗလနဲ့သန်စွမ်းမှုလည်း သာမန်လူထက်ပိုတာပေါ့ကွယ်''

ထက်မာန်ချီက ကျော်မိုးပြောတာကို မျက်လုံးလေးဝိုင်းကာ နားထောင်တယ် ...

''အဲလိုနဲ့ တစ်နေ့မှာ ဟံသာဝတီပဲခူးမြို့ကို ဟိန္ဒူလူမျိုးတို့ တိုက်ဖို့ဆိုပြီး အရပ်ခုနစ်တောင်ရှည်တဲ့ ကုလားလန်ဘားကို တပ်ဦးလုပ် ပြီး သင်္ဘောခုနစ်စင်းနဲ့လာတယ် ...



www.burmeseclassic.com

www.burmeseclassic.com



ဟံသာဝတီမင်း ဝိမလလည်း ကုလားရန်ကိုခုခံဖို့မစွမ်းသာဘူး ကုလားတွေက သူတို့လူစွမ်းကောင်းနဲ့ စီးချင်းထိုးမလား မြို့ကိုတိုက်ရမလားဆိုတဲ့ သဝဏ်လွှာပါးလိုကတာပေါ့ ... ''

“စီးချင်းထိုးတယ်ဆိုတာ ဘာလဲအမေ ... ''

“လူစွမ်းကောင်းတစ်ယောက်ချင်းတိုက်တာပေါ့ကွယ် ... ဟံသာဝတီပြည်မှာ ကုလားလန်ဘားကိုတစ်ယောက်ချင်း တိုက်နိုင်သူမရှိဘူး။

ဝိမလဘုရင်လည်း စိတ်ညစ်ပြီး မှူးမတ်တွေကို ကြေညာမောင်းခတ်ပြီး လူစွမ်းကောင်းရှာပေမယ့် တစ်ယောက်မှမရဘူး ...

အဲလိုနဲ့ ချိန်းတဲ့ရက်စေ့ခါနီးမှာ မုဆိုးတစ်ဦးက ဘုရင်ကြီးကို ဝင်လျှောက်တယ် ... သူတောလိုက်ရင်း ကျွဲရိုင်းအုပ်ကြားမှာ ခွန်အားဗလကောင်းပြီး ရဲစွမ်းသတ္တိပြည့်စုံတဲ့ လူငယ်တစ်ယောက်ကိုတွေ့ခဲ့တယ် အဲဒီလူငယ်ဆို ကုလားလန်ဘားကို နိုင်အောင်တိုက်နိုင်မှာပါလို့ဆိုတော့ ဝိမလဘုရင်လည်း လူသူအစုအရုံးနဲ့ တောတွင်းသားကို သွားခေါ်စေတာပေါ့ ... ''

“တောတွင်းသားဆိုတာက ... ''

ထက်မာန်ချိုကမေးတော့ ကျော်မိုးက ...

“တောတွင်းသားဆိုတာက ကျွဲမကြီးမွေးစားတဲ့သားလေ ... အမေဆက်ပြောမယ် နားထောင် ... ''

“ဟုတ်ကဲ့ ... ''

ထက်မာန်ချိုက စိတ်ဝင်တစားနဲ့ ခေါင်းညိတ်ပြတယ် ...

“တောတွင်းသားလည်း ဘုရင့်ရှေ့တော်ရောက်တော့ မြို့စောင့်



www.burmeseclassic.com

www.burmeseclassic.com



နတ်က ကိုယ်ထင်ပြပြီး တောတွင်းသားဟာ ဘုရင့်ရဲ့တူအရင်းဖြစ်ကြောင်း ပြောပြတော့ ... ဘုရင်ကြီးလည်း ဝမ်းမြောက်ပြီး သူကောင်းပြုလို့ အသသကုမ္မာ ဆိုတဲ့ ဘွဲ့နာမည်ပေးတယ် ...

ပြီးတော့ ရန်စကျူးကျော်လာတဲ့ ကုလားလန်ဘားကို တိုက်ဖို့ ပြောတော့ ... အသသကုမ္မာက သူတိုက်ပါမည် ... ခုနစ်ရက်စောင့်နိုင်းပါ၊ မိခင်ကျွဲမကြီးထံသွား၍ ခွင့်ပန်လိုပါသည်ပြောတော့ ဘုရင်ကြီးလည်း ခွင့်ပြု လိုက်တယ် ... ”

ကျော်မိုးကပြောရင်း သူ့မျက်လုံးထဲမှာ မျက်ရည်တွေ ဝဲနေ တယ် ...

“အမေ ဆက်ပြောလေ နားထောင်လို့ကောင်းတယ် ... ကျွဲမကြီးက ခွင့်ပြုလိုက်လားဟင် ... ”

ကျော်မိုးက ကလေးခေါင်းလေးကိုပွတ်လျက် ...

“ခွင့်ပြုတာပေါ့ သားရယ် ... အဲလိုနဲ့ ... ”

ဂဂဂ



www.burmeseclassic.com

www.burmeseclassic.com

“အမေ ... ကျုပ်ကို ဘုရင်ကြီးက တိုင်းပြည်ကိုကျူးကျော်လာတဲ့ ကုလားလန်ဘားကို တိုက်ဖို့ပြောတယ် ... ကျွန်တော်တိုက်ရမလား အမေ ...”

အသဃကုမ္မာက မိခင် ကျွဲမကြီးရှေ့မှာဒူးထောက်၍ ခွင့်ပြုချက် တောင်းတော့ ကျွဲမကြီးက ...

“တိုက်ရမှာပေါ့သားရယ် ... သားကိုတိုက်မှပဲ အောင်မြင်မှာ ပါ ... ဒါပေမယ့် ရဲစွမ်းသတ္တိရှိရုံ ခွန်အားဗလကောင်းပုံနဲ့မရဘူး ...

တိုက်တယ်ဆိုတာ နည်းဗျူဟာလိုတယ် ... ပရိယာယ်လိုတယ် တစ်ဖက်သူရဲ့ ပျော့ကွက်ဟာကွက်တွေကို လေ့လာရတယ် ...”

စသည်ဖြင့် ကျွဲမကြီးက သူ့သားအသဃကုမ္မာကို စစ်တိုက်နည်း သေနင်္ဂဗျူဟာကို သင်ကြားပေးတော့တယ် ...

အသဃကုမ္မာလည်း မိခင်ကျွဲမကြီးသင်ကြားပေးတဲ့ စစ်ပညာရပ် တွေကိုသင်ယူပြီး ဟံသာဝတီအပြန် လမ်းခုလတ်တစ်ခုရောက်တော့ မြစ်ကြီးတစ်စင်း ဖြတ်ဖို့အလုပ် ဒီရေတက်လာတာနဲ့ အသဃကုမ္မာလည်း ဒီရေကို ဖမ်းတားလိုက်တယ် ...



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... "

ရုတ်တရက် သူ့အရှေ့မှာနတ်သမီးတစ်ပါးပေါ်လာတယ် _

"အသင်လူသား အသင်ဘာကြောင့် ကျွန်ုပ်စောင့်လျှောက်တဲ့ မြစ်ကဒီရေတက်တာကို တားဆီးတာလဲ ... "

အဿကုမ္ဘာက နတ်သမီးအား ...

"အသင် ဘယ်သူပါသလဲ ... ကျွန်ုပ်တစ်ဘက်ကမ်းကိုဖြတ်ဖို့အလုပ် ဒီရေတက်လာတာနဲ့ တားဆီးခြင်းဖြစ်တယ် ... "

"ကျွန်ုပ်ဟာ ပင်လယ်သမုဒ္ဒရာ၊ မြစ်ချောင်း စတာတွေကို စောင့်ရှောက်တဲ့ မေခလာနတ်သမီးဖြစ်တယ် ... ကျွန်ုပ်စောင့်ရှောက်ရာကို အဘယ်သူမှနှောင့်ယှက်၍ မရပါ _ အခု အသင်နှောင့်ယှက် တားဆီးခဲ့လေပြီ ... "

"ကျွန်ုပ်ကလည်း ကျွန်ုပ်လမ်းခရီးမှာ အတားအဆီးဖြစ်လို့ တားတာပါ ... "

အဿကုမ္ဘာနှင့် မေခလာနတ်သမီးတို့ တစ်ယောက်နှင့်တစ်ယောက် အပြစ်တင်ပြောဆိုရာ မေခလာနတ်သမီးက ...

"ကောင်းပြီလေ _ အသင်နဲ့ ကျွန်ုပ်ပညာပြိုင်မယ် _ နိုင်သူကရှုံးသူဆီကလိုတာတောင်းကြေး ... "

စိန်ခေါ်ရာ ... အဿကုမ္ဘာက ...

"ရတယ်လေ ... အသင်နတ်သမီးပြော ... "

"ဟုတ်ပြီ ... အသင်က အချိန်တစ်မောင်းအတွင်း ဒရေယ်ကျောပြောင်ရဲ့ အမြီးတစ်ထောင်ဖြတ်ပြီး ယူလာပေးရမယ် ...



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်က ချည်ငင်တစ်ထောင် ရှာယူလာမယ် ဖြစ်မလား''

''ဘာလို့မဖြစ်ရမှာလဲ ... အံသင်နတ်သမီး ကတိသာတည်စေ''

အသသကုမ္မာက ပြောလေရာ မေခလာနတ်သမီးက ...

''ကျွန်ုပ်ကတိတည်တယ် ... ကဲ ဘယ်တော့ စမလဲ အသင် ပြော ... ''

''အခုပဲ စမယ် ... ''

''ကောင်းပြီ ... ''

အသသကုမ္မာက လျှင်မြန်သော အဟုန်ဖြင့်တောထဲဝင်ကာ ဒရယ် ကျောပြောင်များရဲ့အမြီးကို အချိန်တစ်မောင်းအတွင်း အပြီးဖြတ်ကာ မေခလာနတ်သမီးထံ ယူလာတယ် ...

မေခလာနတ်သမီးကလည်း ချည်ငင်တစ်ထောင်ကို ဖန်ဆင်း ထားလိုက်တယ် ...

''ရော့ ... ဒီမှာ ဒရယ်ကျောပြောင်ရဲ့ အမြီးတွေတစ်ထောင်တိတိ ရှိတယ် ... ''

''ဟုတ်ပြီ ... ဒီမှာလည်း ကျွန်ုပ်ရှာထားတဲ့ ချည်ငင်တစ်ထောင်''

မေခလာနတ်သမီးက ချည်ငင်တစ်ထောင်ကို ပြ၍ အသသကုမ္မာ အား ရေတွက်စေသလို သူကိုယ်တိုင်က အသသကုမ္မာဆီက ဒရယ် ကျောပြောင် အမြီးတစ်ထောင်ကိုယူ၍ ရေနေစဉ် ရုတ်တရက် အမြီးတစ်ချောင်းအား နောက်ခါးကြားထိုး၍ ဝှက်ထားလိုက်တော့တယ်။

ဝိဝိဝိ



www.burmeseclassic.com

www.burmeseclassic.com

ပညာပြိုင်ပွဲမှာဘယ်သူနိုင်လဲ . . .

www.burmeseclassic.com

www.burmeseclassic.com



အခန်း (၁၃)

## ဟံသာဝတီက အသဲကုဗ္ဗာ

"တောတွင်းသား အသင်ရှုံးပြီ ... ဒရယ်အမြီးတစ်ချောင်းလို နေတယ် ... "

"ဟင်"

အသဲကုဗ္ဗာရေတွက်သော ချည်ခင်က တစ်ထောင်ပြည့်သော်လည်း မေခလာနတ်သမီးရေတွက်သည့် အမြီးတစ်ချောင်းလိုတာကြောင့် အသဲကုဗ္ဗာ ရှုံးသွားတယ် ...

"ဟုတ်ပြီ ... ကျွန်ုပ်ရှုံးပြီ အသင်နတ်သမီးလိုတာခိုင်းပေတော့"

"ဟင်း ... ဟင်း"

မေခလာနတ်သမီးက ပြုံးလိုက်တယ် ...

ပြီးတော့ ...

"အသင်တောတွင်းသား မင်္ဂလာဆောင်တဲ့နေ့မှာ ဖမ္ဘူရာဇ် ငွေစင် ကိန်းအောင်တဲ့ ကျွဲခေါင်းကိုဖြတ် ကျွန်ုပ်ကိုတင်မြှောက်ရမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟင် ... "

အသသကုမ္မာ ကျွဲခေါင်းဆို၍ အံ့အားသင့်သွားတယ် ... ရင်ထဲ၌လည်း ထိတ်ခနဲဖြစ်မိတယ် ... မေခလာနတ်သမီးက –

"အသင်က ရှုံးသူလေ ... ကျွန်ုပ်တောင်းဆိုတဲ့အတိုင်း လုပ်ပေးမယ်လို့ ကတိခံထားတယ်မလား ... "

"ဟုတ်ပါတယ် ... ကျွန်ုပ်ဟာ ယောကျ်ားပါ အသင်တောင်းဆိုတဲ့အတိုင်း ဖြစ်ရစေမယ်"

"ကဲ ... အဲလိုဆိုလည်း သင်လိုရာကို သွားပါတော့ ... ကျွန်ုပ် အသင့်ကိုစောင့်ရှောက်ပါ့မယ် ... "

အသသကုမ္မာ မြစ်တစ်ဖက်ကမ်းကိုဖြတ်ဖို့လုပ်တော့ မြစ်ရေက ကြည်လင်ငြိမ်သက်သွားတယ် ... လျှင်မြန်တဲ့ အဟုန်နဲ့ မြစ်ကိုဖြတ်ပြီး ဟံသာဝတီ နန်းတော်ကိုလာခဲ့တယ် ...

ဘုရင့်နန်းတော်ရောက်တော့ သူ့ကိုနန်းတွင်းသူတွေက အောင်သပြေပန်းတွေ အမွှေးနံ့သာတွေပတ်ဖြန်းကြိုကြတယ် ...

"အသသကုမ္မာ ... "

"ဟံသာဝတီ သူ့ရဲကောင်း အသသကုမ္မာ ... "

"သူရဲကောင်း အသသကုမ္မာ ... "

စသည်ဖြင့်ကြွေးကြော်ကြတယ် ဝိမလမင်းကြီးရှေ့ရောက်တော့ –

"တူတော်ကို ကျွန်ုပ်မျှော်နေတာ မနက်ဖြန်ဆို ကုလားလန်ဘုရင်နဲ့ စီးချင်းထိုးဖို့ ရက်စေ့ပါပြီ"

"စိတ်ချတော်မူပါ အရှင်မင်းကြီး ... ကျွန်တော်မျိုး ကုလား



www.burmeseclassic.com

www.burmeseclassic.com



လန်ဘားကို နိုင်အောင်တိုက်မှာပါ ... ”

အဿကမ္မာက ပြန်လျှောက်တယ် ဝိမလမင်းကြီးက ...

“ယုံကြည်ပါတယ် တူတော် ... တူတော်တိုက်ပွဲဝင်ဖို့ ကြိုက်ရာ လက်နက်တောင်းဆိုပါ ... ”

“ကာဒိုင်းနဲ့ နှစ်ဘက်သွားဓားရှည်တစ်ချောင်းသာပေးပါ ကျွန်ုပ် ကုလားလန်ဘားခေါင်းကိုဖြတ်ပြီး အရှင်မင်းကြီးကို ဆက်သပါ့မယ်”

အဿကမ္မာ ထိုသို့လျှောက်တာကို အခစားဝင်နေတဲ့ မှူးမတ် တွေနဲ့ စစ်သူကြီးက ကြိတ်ပြုံးတယ် ...

သူတို့က အဿကမ္မာရဲ့အစွမ်းကို မယုံကြဘူး ... ကုလား လန်ဘားအရပ်နဲ့ ခန္ဓာကိုယ်တောင့်တင်းမှုက အဿကမ္မာထက် အများ ကြီးသာတယ် ...

ကုလားလန်ဘားက အရပ်တကာလှည့် စီးချင်ထိုးလာသူ အတွေ့ အကြုံ တိုက်ရည်ခိုက်ရည်ကရှိပြီးသား ပွဲတိုင်းနိုင်သည်ဟု သိထားကြ တယ် ...

“စစ်သူကြီး ... ”

“ဘုရား ... ”

“တူတော် အဿကမ္မာလိုချင်တဲ့ စစ်လက်နက်ပစ္စည်းတွေ အသင် ကိုယ်တိုင် လက်နက်တိုက်က ထုတ်ပေးလိုက် ... ”

“မှန်ပါ့ဘုရား ... ”

“တူတော် စစ်သူကြီးနဲ့လိုက်သွား လိုတာအကုန်ယူ ... ”

“မှန်ပါ့ ဘုရား ... ”



www.burmeseclassic.com

www.burmeseclassic.com



အဿကမ္မှာလည်း စစ်သူကြီးနှင့်အတူ ဘုရင်ဝိမလာဆွေ့ထံ ထွက်လာပြီး လက်နက်တိုက်ကိုသွားတယ် ... စစ်သူကြီးက အဿကမ္မှာအား လက်နက်တိုက်ဖွင့်ပေးပြီး ...

"အသင် ကြိုက်တဲ့ လက်နက်ယူပေတော့ ကျွန်ုပ်အထင် အသင်ကုလားလန်ဘားကို မနိုင်နိုင်ဘူး ... ဟိုက ခွန်အားနဲ့တိုက်ရည်ခိုက်ရည်ကောင်းတယ် ... "

အဿကမ္မှာက သူ့စိတ်ကြိုက်ဓားတစ်ချောင်းရွေးပြီး ဆကြည့်တယ် ... ပြီးတော့ ကာဒိုင်းတစ်ခုယူလိုက်ပြီး ...

"တိုင်းပြည် ကာကွယ်ရေးအတွက် တာဝန်အရှိဆုံးက စစ်သူကြီးမလား ... အခုလို တိုင်းပြည်ကို ရန်စကျူးကျော်သူကို ကိုယ်တိုင်တိုက်ဖို့ မကြိုးစားဘဲ တိုက်မယ့်လူကို စိတ်ဓာတ်ကျအောင် ဘာလို့ ပြောရတာလဲ ...

ဒါဟာ သစ္စာဖောက်တာပဲ စစ်တို့ရဲ့သဘောဟာ ကြံရည် ဖန်ရည်ရှိဖို့နဲ့ စိတ်ဓာတ်မာကျောဖို့က အဓိကမလား စစ်သူကြီး မနက်ဖြန်စောင့်ကြည့်ပါ ... တိုင်းပြည်အတွက် အရေးအကြီးဆုံးအချိန်မှာ တာဝန်မယူတဲ့ စစ်သူကြီးနဲ့ ကျွန်ုပ်ကုလားလန်ဘားနဲ့ စီးချင်းထိုးတဲ့ပွဲ ပြီးရင် နောက်တစ်ပွဲနွှဲရတာပေါ့ ... "

"ဟင် ... "

အဿကမ္မှာ စကားကြောင့် စစ်သူကြီးရဲ့ခန္ဓာကိုယ် ဆတ်ခနဲတုန်သွားတယ် ...

"ဟို ... ဟို ... ကျွန်ုပ်နဲ့အသင်က တစ်တိုင်းပြည်ထဲသား



www.burmeseclassic.com

www.burmeseclassic.com



တွေလေ ... ဘာလို့ စီးချင်းထိုးမှာလဲ ... ”

“အသင် တာဝန်မကျေလို့ ... ”

“ကျွန်ုပ်တာဝန်ကျေချင်ပါတယ် ... အခု ပြဿနာက ကျွန်ုပ် ဘယ်လိုမှ ... ”

စစ်သူကြီးက အဿကမှာအား အသံတုန်တုန်နဲ့ရှင်းပြတယ်။

“အသင်တကယ် တာဝန်ကျေချင်လား ... ”

“ကျေချင်ပါတယ် ... ”

“အဲလိုဆို ကျွန်ုပ်ပြောတဲ့အတိုင်းလုပ် ... ”

ဆို၍ အဿကမှာက သူတိုက်လိုသည့် ပုံစံကိုစစ်သူကြီးအား ပြောပြတော့သည်။

စစ်သူကြီးလည်း အသေအချာလိုက်မှတ်ထားကာ သူတပ်ကို ပြင်ဆင်လိုက်တယ် ...

အဿကမှာ ကာဒိုင်းနဲ့ နှစ်ဘက်သွား ဓားရှည်ကိုကိုင်ပြီး ကုလားလန်ဘားတို့ စခန်းချထားသည့် ကမ်ဒဟပ်ဘက်က မြို့ရိုးပေါ်တက်၍

“အဿကမှာတဲ့ဟေ့ ... ”

ကျယ်လောင်တဲ့ အသံနဲ့ ကြွေးကြော်လိုက်တယ် ...

ဝဝဝ



www.burmeseclassic.com

www.burmeseclassic.com

# ကုလားလေနှံဘား ဘာဖြစ်သွားလဲ

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၄)
## အမေ့ခေါင်းကိုဖြတ်စါ

မြို့ရိုးအပြင်ဘက် သဲသောင်ပေါ်မှာ ကုလားလန်ဘားက ကြီးမား သော လှံကြီးကိုကိုင်၍ စောင့်နေတယ် ... မြို့ရိုးပေါ်မှာတော့ ဟံသာဝတီ မြို့သူမြို့သားတွေ အဿကုမ္ဘာနဲ့ ကုလားလန်ဘား စီးချင်းထိုးမယ့်ပွဲကို ကြည့်နေကြတယ် ...

"အဿကုမ္ဘာ ...ဟံသာဝတီသူရဲကောင်း အဿကုမ္ဘာ"

ကြွေးကြော်သံတွေက ဘဝင်ထက်ကို ညံတက်နေတယ်၊ သိပ်မကြာပါဘူး ...မြို့တံခါးပွင့်လာပြီး အဿကုမ္ဘာထွက်လာတယ် ...

ကုလားလန်ဘားနောက်မှာတော့ သဘော်ခုနစ်စီးအပြည့်ပါလာတဲ့ ကုလားတပ်တွေ ...

ကုလားလန်ဘားက သူနဲ့လာတိုက်မယ့် အဿကုမ္ဘာကိုမြင်တော့ အထင်သေးသွားတယ် ...

"ဟား ...ဟား ...ဟား"



www.burmeseclassic.com

www.burmeseclassic.com



အားရပါးရ ရယ်မောလိုက်ပြီး သူကိုင်ထားတဲ့ ကြီးမားတဲ့လှံကြီးကို ဝှေ့ရမ်းလိုက်တယ် … သူ့ထံကိုပြေးလာတဲ့ အဿကုမ္ဘာကိုလှံကြီးနဲ့ ခြေထိုးတော့ အဿကုမ္ဘာက အလျင်အမြန်ရှောင်လိုက်တယ် …

လနံဘားစိတ်တိုသွားတယ် …သူ့ရဲ့လှံချက်ကို ရှောင်နိုင်သူက ရှားတယ် …

နောက်တစ်ကြိမ် လှံကိုဝှေ့ရမ်းပြီး အဿကုမ္ဘာကို ထိုးပြန်တယ် အဿကုမ္ဘာက ဒိုင်းနဲ့ကာတော့ ဒိုင်းပေါက်ထွက်သွားတော့ လွှတ်လိုက်တယ် …

လနံဘားလှံထိပ်မှာ ဒိုင်းကပ်ပါနေတော့ ချိန်သားက မကိုက်တော့ဘူး …အဿကုမ္ဘာက လနံဘားကိုပတ်ပြီး တိုက်ဖို့အကွက်ချောင်းတယ် … အလွန်လျင်မြန်တဲ့ အဿကုမ္ဘာရဲ့ စက်ဝိုင်းပုံလှည့်တာ လနံဘား လိုက်ကြည့်နေစဉ်မှာပဲ တစ်ချက်အငိုက်မှာ အဿကုမ္ဘာက လနံဘားရဲ့ လှံအလွဲမှာ ခန္ဓာကိုယ်ချင်းပူး၍ လည်ကုပ်ကို ဓားနဲ့ပိုင်းလိုက်တော့တယ်။

"အား …"

"အဿကုမ္ဘာကွ …"

မြို့ရိုးပေါ်ကအသံတွေ ညံစီသွားတယ် … လနံဘားခေါင်းကြီးလည်း သောင်ပြင်ပေါ်ကျသွားတယ် …

အဲဒီအချိန်မှာပဲ …

ကုလားတွေစီးလာတဲ့ သင်္ဘောတွေ မီးဟုန်းဟုန်းတောက်နေတယ် …

"ဟာ …"



www.burmeseclassic.com

www.burmeseclassic.com



မီးတောက်နေတဲ့ သဘော်ကို ငြိမ်းသတ်ဖို့အပြေးသွားကြစဉ်မှာပဲ ဟံသာဝတီတပ်သားတွေက ကစဥ့်ကလျား ဖြစ်နေတဲ့ ကုလားတွေကို အလွယ်တကူ တိုက်ခိုက်အနိုင်ယူလိုက်တယ် ... ။

နေ့လယ်လောက်ကစတဲ့ တိုက်ပွဲဟာ ညနေမစောင်းခင်မှာပဲ ပြီးသွားတယ် ... ဝိမလမင်းကြီးလည်း အားရတော်မူပြီး သူ့သမီးတော်နဲ့ အသဿကုမ္မာကို ထိမ်းမြားပေးပြီး အိမ်ရှေ့အရာအပ်နှင်းဖို့လုပ်တယ်။

အသဿကုမ္မာလည်း မေခလာနတ်သမီးကိုပေးထားတဲ့ ကတိအတိုင်း ဇမ္ဗူရာဇ်ရွှေစင်ကိန်းအောင်းတဲ့ ကျွဲခေါင်းကိုလက်ထပ်တဲ့အခါ သူ့ကို မြောက်ရမယ်ဆိုတော့ မွေးစားမိခင် ကျွဲမကြီးဆီလာမေးတယ်။

"သား ... ဇမ္ဗူရာဇ်ရွှေစင်ကိန်းအောင်းတာ အမေ့ခေါင်းပဲ အမေ့ခေါင်းကိုသာ ဖြတ်ယူပြီး သားလက်ထပ်ဖို့ နတ်ကို ပူဇော်ပါသားရယ်"

"ဟာ ... မဟုတ်တာ အမေရယ် ... အမေ့ခေါင်းကို သားမဖြတ်ရက်ပါဘူး ... သားလက်မထပ်ရရင်နေပါစေ အမေနဲ့ပဲသားအတူလာနေပါရစေ ..."

အသဿကုမ္မာကပြောတော့ မိခင်ကျွဲမကြီးက ခေါင်းခါတယ်။

"အမေက တိရစ္ဆာန်ပါသားရယ် ... သားကလူ လူဆိုတာ လူ့ပတ်ဝန်းကျင်မှာ ရှင်သန်ရတယ် ... အခုသားက ဟံသာဝတီရဲ့သူရဲကောင်း ဘုရင်မင်းမြတ်ရဲ့ သားမက်တော် အိမ်ရှေ့မင်းသားဖြစ်တော့မှာမလား ဒီအခွင့်အရေးကို လက်လွှတ်မခံပါနဲ့ ကတိသစ္စာကိုလည်း မဖောက်နဲ့ အမေဟာ အပါယ်တိရစ္ဆာန်ပါ ... အမေ့ခေါင်းကိုဖြတ်ယူပါ ..."

"အမေရယ် ..."



www.burmeseclassic.com

www.burmeseclassic.com



မျက်ရည်စက်လက်နဲ့ပြောတဲ့ မိခင်ကြီးရှေ့မှာ အသသကုမ္ဗာ ဒူးထောက်ထိုင်ချလိုက်တယ် ...

"သား ... အမေ့လည်ပေါ် သားရဲ့ဓားတင်ထားလိုက်ပါ"

"ဘာလုပ်မလို့လဲ ... အမေ"

"အမေပြောသလိုသာလုပ်ပါသားရယ် ..."

အသသကုမ္ဗာလည်း မိခင်စကားကို မလွန်ဆန်နိုင်တာကြောင့် သူ့ဓားကိုမိခင်လည်ကုပ်ပေါ်တင်လိုက်တယ် ...

မိခင်ကျွဲမကြီးက လေးနက်စွာနဲ့ ...

"ကျွန်ုပ်သည် အဟိတ်တိရစ္ဆာန်ဖြစ်သော်လည်း သတ္တဝါတို့ရဲ့ အသက်ကိုမသတ်ခဲ့ဖူးပါ ... စောင့်စည်းအပ်သောသီလတို့ကို စောင့်ထိန်းခဲ့ပါသည် ... နို့တိုက်မွေးမြူခဲ့သော ဤသားအပေါ်၌ မိခင်ရင်းလို မေတ္တာထား၍ ဘယ်အခါမှ ငြိုငြင်ခြင်းမရှိခဲ့ပါ ... ဤစကားမှန်ကန်ပါက ကျွန်ုပ်၏ ဦးခေါင်းသည် သွေးမထွက်ဘဲ ပြတ်စေ၍ မြေသို့မခပဲ သားလက်ထဲ ရောက်ပါစေ ..."

သစ္စာဆိုလိုက်ရာ ...

"ဝေါ ..."

"ဂျိမ်း ..."

လေပြင်းများတိုက်လာပြီး ရုတ်တရက်မိုးများရွာလာသလို လျှပ်စီးများလက် မိုးကြိုးပစ်သံများဆူညံလာတယ် ...

အသသကုမ္ဗာလည်း ရုတ်တရက်ကြောင်ကြည့်နေရာမှ သတိရ၍ လက်ထဲကြည့်လိုက်ရာ မိခင်၏ဦးခေါင်း သူ့လက်ထဲရောက်လို့သာနေတယ်။



www.burmeseclassic.com

www.burmeseclassic.com



"အမေ ..."

အသဿကုမ္မာရဲ့ ဆိုနင့်စွာအော်လိုက်တဲ့အသံက မိုးခြိမ်းသံထက်ပင် ပို၍ ကျယ်လောင်သွားတော့တယ်လေ ...

ရရရ



www.burmeseclassic.com

www.burmeseclassic.com

"ဟင်"

ကျော်မိုးစကားဆုံးမှ အိပ်ပျော်တာလား မဆုံးခင်ပဲ အိပ်ပျော်တာလားမသိ … ထက်မာန်ချိက ကျော်မိုး ပေါင်ပေါ်မှာအိပ်ပျော်လို့နေတယ်။

ကလေးကို အိပ်ရာထဲရွှေ့ထားလိုက်တယ် …

သူ့ဘဝမှာ ဘာမှမလို အရာရာပြည့်စုံတယ်ဆိုပေမယ့် သူ့သားလေးအတွက် မိရင်းဖရင်းလိုမှာပဲလို့တွေးမိပေမယ့် ဖြစ်မလာမယ့် ဘဝအတွက်တွေးမနေတော့ …

အားလုံးထက်ပိုတဲ့ မေတ္တာသူပေးနိုင်သည်လေ …

ဤသို့နှင့် …

ထက်မာန်ချိတစ်ယောက် တဖြည်းဖြည်းအရွယ်ရောက်လာတယ်။ ဆယ်တန်းအောင်တော့ ဂုဏ်ထူးငါးဘာသာပါတော့ ဆေးတက္ကသိုလ်တက်ခွင့်ရတယ် …



www.burmeseclassic.com

www.burmeseclassic.com



ထက်မာန်ချိုက လိမ္မာတယ် သူ့မိခင်က မိန်းမလျာကြီးပေမယ့် မရှက်၊ သူ့အပေါ် မိခင်တစ်ယောက်ရဲ့ မေတ္တာပေးထားမှန်း သူသိသည် လေ ...

နတ်ပွဲတွေလိုက်ကရာမှ ပြန်လာရင် မိခင်ကိုပြုစုတယ် ... စားလည်းကြိုးစားတော့ ထွန်းထွန်းပေါက်ပေါက် ဖြစ်လာတာပေါ့ ကျော်မိုး လည်း တဖြည်းဖြည်းအသက်အရွယ်ရလာတော့ မကျော်ကနေ ဒေါ်ကျော် မာမီကျော်ဖြစ်လာတာပေါ့ ...

ထက်မာန်ချို ဆေးတက္ကသိုလ်တက်တော့ ရန်ကုန်မှာအဆောင် နေပြီး သွားတက်ရတယ် ...

မာမီကျော်က လိုလေသေးမရှိအောင်ပံ့ပိုးပေးတယ် ... သူ့သား အခုလို ပညာတက်ဆရာဝန်တစ်ယောက်ဖြစ်မှာ သူ့ဂုဏ်ယူမဆုံးဘူး သား အကြောင်းတွေးလိုက်တိုင်း ကြည်နူးရတယ် ...

သူ့ခေါင်းက သူ့သားအကြောင်းမတွေးမိတဲ့နေ့မရှိဘူး ... နှစ် ပေါင်းနှစ်ဆယ့်ငါးနှစ်လောက် နတ်ပွဲကလာရတော့ အသက်အရွယ်ရလာတာနဲ့ အမောကမခံနိုင်ဘူး ... ခဏခဏ မူးမူးလဲလို့ ဆေးခန်းသွားရတာလည်း အခါကြိမ်ကြိမ် ...

သို့ပေမယ့်လည်း ...

သူနတ်ကတာရပ်လို့မဖြစ် သူ့သားထက်မာန်ချိုကျောင်းစရိတ်က ကြီးသလို ပညာလောဘကြီးတဲ့ ထက်မာန်ချိုက နိုင်ငံခြားတက္ကသိုလ်ကို သွားရောက်သင်ချင်တယ်တဲ့ ...

သူ့ရွာမှာရှိတဲ့ ပိုင်ဆိုင်တာတွေ လက်ရှိပိုင်ဆိုင်မှုတွေများပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



နိုင်ငံခြားမှာ ပညာသင်တဲ့စရိတ်လောက်ငေ့ါမလားလို့ တွေးပူမိတာ အကြိမ်ကြိမ် ပါ ...

တစ်ရက် ...

နတ်ပွဲတွေနားလို့ အိမ်မှာ အနားယူနေတုန်း မတွေ့တာကြာပြီဖြစ်တဲ့ မင်းမင်း အိမ်ရောက်လာတယ် မင်းမင်းကနတ်ကတဲ့အလုပ်က နားလိုက်တာ ဆယ်နှစ်ကျော်ပြီ ...

"မမင်းလာထိုင် ဘယ်ကလှည့်လာတာလဲ ... ပျောက်ချက် သားကောင်းလှချည်လား ... ဘာတွေလုပ်နေလဲ ... "

"ကျောက်ပွဲစား စိန်ပွဲစား ပါအေ ... ရတဲ့အခါလည်းရတာပေါ့ ထားပါ ... နင် ကျန်းမာရေးမကောင်းဘူးဆိုလို့ လာမေးတာ"

"နည်းနည်း ပါးပါးပါ မမင်းရယ် ... "

"မကျော် ငါ့ကို ဒါဒါပြောပြလို့ အကုန်သိပြီးပြီ ... နင့်သား ဒီမှာဆေးကျောင်းတက်ပြီးရင် ... နိုင်ငံခြားမှာဆက်တက်ဖို့ နင်ငွေကို မနားမနေရှာနေတယ်ဆို ... နေမကောင်းတာတောင် ဆေးခန်းမပြဘူးတဲ့ ခဏခဏ မူးလဲလို့ဆို"

"အင်း ... "

မင်းမင်းပြောတာကို ကျော်မိုးမလှုပ်မယှက် ...

"နင့်ကို နတ်ကတော်လောကထဲ ခေါ်ခဲ့တာလည်း ငါပဲ ... အခုထပ်ပြောမယ် ... နတ်ကတော်လောက နင်ထွက်တော့ ... နင့် ကျန်းမာရေးက အရေးကြီးတယ် ... နင့်သားကို ဆရာဝန်ဖြစ်အောင် ထားပေးတာပဲ ... ဟိုးနိုင်ငံခြားတိကက နည်းတဲ့စရိတ်မဟုတ်ဘူး ...



www.burmeseclassic.com

www.burmeseclassic.com



တော်ပြီပေါ့ဟယ် ... နင့်ကိုယ်နင်ကြည့်ဦး ပိန်ပြီး အသားတွေမရှိတော့ဘူး ... ”

“နတ်ကတာရပ်လို့မဖြစ်ပါဘူး ... သားလေးက စာတအား တော်တာ သူဖြစ်ချင်တာ ဖြစ်အောင်လုပ်တာ ကိုယ်ကပံ့ပိုးပေးရုံ မပံ့ပိုး ပေးနိုင်ရင် မိဘတာဝန်မကျေဖြစ်မှာပေါ့ ... ”

မင်းမင်း ဘယ်လိုပြောပြော ကျော်မိုးကမရ ... အရာရာ သူ့သား အတွက်သာ ဦးတည်ထားတယ် ...

“ငါမေးမယ် ... မကျော် နင့်သား ပါရဂူကြီးဖြစ်သွားပြီ မိန်းမရ တဲ့အခါ နင့်ကို သူ့အိမ်ခေါ်ထားမယ်ထင်လား ... ပါရဂူကြီးရဲ့အမေဟာ မိန်းမလျာကြီးလို့ သူ့ပတ်ဝန်းကျင်မှာ အမြင်ခံနိုင်မလား”

ကျော်မိုးက ယဲ့ယဲ့လေးပြုံးလိုက်တယ် ...

ပြီးတော့ ...

“မမင်းရယ် ... သားကို ကျွန်မချစ်တာ သားဆီက ဘာမှ ပြန်မရ ချင်ပါဘူး ... မျှော်လည်းမမျှော်လင့်ထားဘူး ... သားကိုသိပ်သတိရလို့ ရန်ကုန်ကိုလိုက်သွားရင် သားမမြင်အောင်ပဲ ချောင်းကြည့်ပြီးပြန်ခဲ့တာ၊

ကျွန်မကြောင့် သားဂုဏ်သိက္ခာကျမှာစိုးတယ်လေ ... တချို့က ပြောတယ် ရင်ကလွယ်မွေးမှချစ်တာတဲ့ သားကိုရင်နဲ့လွယ်မမွေးခဲ့ရပေမယ့် ရင်ကွဲတဲ့အထိချစ်တယ်ဆိုတာ ကျွန်မကို ကျွန်မအသိဆုံးပါ ... ”

ရင်ထဲကလှိုက်ခါလှိုက်ခါ ပြောတဲ့ ကျော်မိုးကို မင်းမင်းငေးကြည့်သာ နေလေတော့တယ် ...

ဝဝဝ

www.burmeseclassic.com

www.burmeseclassic.com

လက်ထပ်ပွဲမစေ့တဲ့သားအတွက်
ရင်ဖွင့်ပြလိုက်တာက . . .

www.burmeseclassic.com

www.burmeseclassic.com

အခန်း (၁၅)

## ပေးဆပ်သူရဲ့နောက်ဆုံးအချိန်

သို့

အမေ

သားစာရေးလိုက်တယ် ... ဒီတစ်နှစ်ပြီးရင် ဒီမှာ ဘွဲ့ထပ်ရပြီအမေ ... သား မြန်မာပြည် ပြန်လာတော့မယ် ... အမေနေကောင်းတယ်မလား ... နတ်လည်း ကနေတုန်းပဲလား ... အမေ့ကို သား သတိရနေတာ ... အမေပို့ပေးတဲ့ ပိုက်ဆံနဲ့ လောက်အောင် မနည်းသုံးနေရတယ် ... ရပါတယ် အမေရယ် သားသုံးတတ်ပါတယ် ... ဒီမှာက ဘာလုပ်လုပ် ပိုက်ဆံပေးရတယ် အမေရဲ့ ... အမေလည်း သားအတွက်ပင်ပန်းနေမှာပဲနော် ... သားအလုပ်ကု ဆရာဝန်ကြီးဖြစ်ရင် အမေမပင်ပန်းတော့ပါဘူး၊



www.burmeseclassic.com

www.burmeseclassic.com



အမေ့ကို သား အေးအေးဆေးဆေးထားမှာ ...
အမေ့ကို ပြောရဦးမယ် ...
သား ဒီမှာ အမေ့အတွက် ချွေးမလောင်းလေးရှာ
ထားတယ် ... သူက မြန်မာပြည်ကပဲ သားလိုပဲ၊
ဒီမှာကျောင်းလာတက်တာ ပါမေကွကြီးရဲ့သမီး
အမေရဲ့ ... မြန်မာပြည်ရောက်ရင် သားတို့ လက်ထပ်
ကြမှာ ... လက်ထပ်ပြီးရင် အမေ့ဆီခေါ်လာမယ်နော်၊
အမေသူ့ကိုမြင်ရင် ချစ်သွားမှာ ကျိန်းသေတယ် ...
သဘောလည်းကောင်းတယ် အမေရဲ့ ...
သားလက်ထပ်ပြီးမှ ခေါ်လာမယ်ဆိုတာ အမေ
သားကိုနားလည်ပါနော် ... အမေ့ကို သားက
နားလည်ပေမယ့် တခြားသူတွေက နားမလည်မှာ
စိုးတယ် ... အမေရယ် ...
အမေ့ကို အရမ်းချစ်တယ် ...
ဒါပဲနော် ... သားကိုသတိရနေ

အမေ့ရဲ့
သား
ထက်မာန်ချို

သင်ဖြူးဖျာလေးပေါ် ပက်လက်လှန်ပြီး စာရွက်ထဲကသားရေး ထားတဲ့ စာကိုအကြိမ်ကြိမ် ကြိုးစားဖတ်လိုက်တယ် ... ရင်ထဲကလည်း လှိုက်ခနဲ ဆို့ဆို့တက်လာတယ် ... မျက်လုံးတွေကလည်း ပြာနေတယ်



www.burmeseclassic.com

www.burmeseclassic.com



ဘာကိုမှ ကောင်းကောင်းမမြင်ဘူး ...

ဘာပစ္စည်းမှမရှိတော့တဲ့ အိမ်ကြီး ...

ကစ္စားစီးဘဝက ကျန်းမာရေးမကောင်းလွန်းတာကြောင့် စွန့်လိုက်ရပြီး သားလေးပညာရေးအတွက် ရွာကလယ်တွေ ယာတွေ မြေတွေ နွားတွေ အတွင်းပစ္စည်းတွေအပြင် အမေနတ်ကရိုင်းမယ်တော် ကျွဲခေါင်းမှလွဲ၍ ကျန်နတ်ရုပ်တွေ ...

ပြီးတော့ ...

ပေါင်ထားတဲ့ ဒီအိမ်ကြီး အခုဆုံးပြီ ...

ကိုယ်တိုင် ဆေးတစ်လုံးမထိုး မသောက်နေခဲ့တဲ့ သူ့ဘဝနေဝင်တော့မှာလား ...

ဒီအိမ်ကြီးကလည်း သူ မကြာခင်ဆင်းပေးရတော့မယ် ... အစားအသောက်ချို့ငဲ့တဲ့ သူ့ခန္ဓာကိုယ်က ပိန်လှီနေတယ် ... အားပြတ်တော့ ရောဂါကဝင် ... စိတ်ထောင်းကိုယ်ကြေ ဘဝမှာ သားလေးသာ မျှော်လင့်မိတယ် ...

"ဆရာဝန်သားလေးပဲ အမေ့ကိုကုပေးနိုင်မှာပါ ..."

စိတ်ထဲပြောမိတယ် ...

"ရှုပ် ... ရှုပ် ..."

ခြေသံကို ကြားရတယ် ... ခေါင်းထောင်ကြည့်ဖို့တောင် အားမရှိဘူး ... သူ့ကိုကြေးလာတောင်းသူတွေလား ... သူ့မှာဆပ်ဖို့ ဘာမှမရှိ အဝတ်ထုတ်သေးသေးလေးနဲ့ အမေ့ရုပ်တုခေါင်းပဲရှိတာ။

"မမကျော်"

www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

မမင်းရဲ့အသံ သူသိတယ် ... စိတ်ထဲ အားတက်ပေမယ့် မလှုပ်နိုင်တော့ဘူး ...

"မကျော်ရယ် ဖြစ်မှဖြစ်ရလေ ... နင်ပြောသလို ရင်နဲ့လွယ် မမွေးရပေမယ့် ရင်ကွဲအောင်နင့်သားကိုချစ်ပြလိုက်တာလားဟယ် ..."

မမင်းက သူ့လက်လေးကိုဆုပ်ထားတယ် ... သူပြောတဲ့စကားကို မမင်းပြောနေတယ် ... ရင်ကွဲအောင်ချစ်ပြတာ မမင်းရေ ... သူ့နှုတ်ခမ်းတွေ တဆတ်ဆတ်တုန်နေတယ် ... ရင်တစ်ခုလုံးကျုံ့ဝင်သွားပြီ ... အသက်ကို လုပြီးရှူရင်း သူ့စိတ်တွေကို ညှစ်တင်းထားတယ်၊ BURMESE CLASSIC

သားလေးရဲ့မျက်နှာ ... ပေါ်တစ်ချက် ... မပေါ်တစ်ချက်

"ဟင်း ... "

"မကျော် ... "

သူကြားလိုက်ရတာက မမင်းရဲ့ အားရပါးရ အော်လိုက်တဲ့အသံ အဲဒီနောက်မှာ လုံးဝကို မှောင်ကျသွားတော့တယ် ...

ရရရ



www.burmeseclassic.com

www.burmeseclassic.com

# နိဂုံး

www.burmeseclassic.com

www.burmeseclassic.com

"အဲဒါ နင့်အမေအုတ်ဂူပဲ ‗ ထက်မာန်ချို နင် ‗ နိုင်ငံခြား ပြန် ဆရာဝန်ကြီးဖြစ်ဖို့ သူ့ဘဝ သူ့ပိုင်ဆိုင်မှု သူ့အသက်ပါ စွန့်လွှတ် ပေးဆပ် သွားတယ် ‗ နင်ဟာ သိပ်ကံကောင်းတာပါ ‗ ထက်မာန်ချို မိန်းမလည်း မဟုတ် ‗ အမေရင်းလည်း မဟုတ်ပေမယ့် မိခင်တစ်ယောက် မေတ္တာစေတနာ အပြည့်နဲ့ နင့်ကိုချစ်ခဲ့ ပြုစုပျိုးထောင်ပေးခဲ့တဲ့ မိန်းမလျာကြီးပါဟယ် ‗ "

ဒေါ်မင်းမင်းဆိုတဲ့ မိန်းမလျာကြီးက ဒေါ်ကျော် ဒါမှမဟုတ် မကျော် သို့မဟုတ် ဦးကျော်မိုးရဲ့ အုတ်ဂူကိုပြ၍ ထက်မာန်ချိုကိုပြောလေတယ် ‗

ထက်မာန်ချိုရဲ့ ပါးပေါ်မျက်ရည်ပူတွေ လိမ့်ကျလာတယ် … အုတ်ဂူရှေ့မှာ ဒူးထောက်ထိုင်ပြီး အုတ်ဂူကိုခေါင်းနဲ့တိုက်၍ ငိုတော့တယ်

"အမေရယ် ‗ သားကို ရင်ကွဲခံပြီး ဘာလို့ချစ်ရတာလဲ အမေဟာ သားအတွက် ဘာနဲ့မှအစားထိုးလို့ မရနိုင်တဲ့ မိခင်စစ်စစ်ပါ

နိုင်ငံခြားပြန်ဆရာဝန်သားက သူ့အမေကို ဆေးတစ်လုံးမှ ခွင့်မရပေမယ့် အမေက ဆေးတစ်လုံးမသောက်ပဲ … ဆရာဝန်ကြီးဖြစ် အောင် လုပ်ပေးနိုင်ခဲ့တယ် … အမေရယ် …

အမေသာ သားအတွက် ထာဝရမေတ္တာရှင်ပါ ... ''

"အမေ ... "

ထက်မာန်ချိုရဲ့အသံက သချိုင်းတစ်ခုလုံး ပဲ့တင်ထပ်နေတယ် အုတ်ဂူရဲ့အပေါ်မှာတော့ အမေနတ်ကရိုင်းမယ်တော် ကျွဲခေါင်းရုပ်ကြီးက ထက်မာန်ချိုကို ကရုဏာသက်စွာကြည့်နေသလို ထက်မာန်ချိုနောက်မှာ ရပ်နေတဲ့ ဇနီးအသစ်စက်စက်လေး နုဒီလှိုင်းရဲ့ ပါးပေါ်မှာလည်း မျက်ရည်တွေ ကျနေတော့တယ်လေ ... အခုတော့ ... မိန်းမပယုတ်တဲ့ မိခင်

မိခင်မပယုတ်တဲ့ မိခင်ရဲ့ ...

မေတ္တာတရားက ထာဝရ ရှင်သန်နေတော့မည်လေ ...

ပြီးပါပြီ

စာရေးတဲ့

ကလျာ

အမှတ်(၅၉)၊ မှန်ရဝေလမ်း
ဆရာစံမြောက်အရှေ့ရပ်ကွက်၊ ဗဟန်းမြို့နယ်
ရန်ကုန်တိုင်းဒေသကြီး
တယ်လီဖုန်းဖြင့် ဝေဖန်မိတ်ဆက် အကြံပြုသူများ မျှော်လင့်လျက်
ဖုန်း - ၀၁ ၄၀၁၃၆၄၊ ၀၉ ၅၃၁၁၃...